



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၁၀၊ ဖေဖော်ဝါရီလ) အုပ်ရေ (၅၀၀)
စာမူစိစစ်ခွင့်ပြုချက်အမှတ် [ ၅၀၀၀၇၄၀၁၁၀ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၁၀၄၀၁၁၀ ] တို့အရ
ဦးတင်သူရလွင် အိမ်မက်အသစ်စာပေ
၃၈/ ၃လွှာ၊ ၁၅၃လမ်း၊ တာမွေမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဆန်းထွန်း
နယူးပုံနှိပ်တိုက် (၁၂၄) ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်တွင် ပုံနှိပ်သည်။

တန်ဖိုး (၁၅၀၀) ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃

ဒေသကျော်စွာ
မြေသိုက် / ဒေသကျော်စွာ။ - ရန်ကုန်၊
အိမ်မက်အသစ်စာပေ၊ ၂၀၁၀။
၂၀၅ - စာ၊ ၁၂ စင်တီ x ၁၈.၅ စင်တီ။
(၁) မြေသိုက်။

BURMESE CLASSIC .com



# အမယ်လေး . . . ဟူသော

အော်သံနက်ကြီးကို ရုတ်တရက်ကြားလိုက်ရသဖြင့် ရွာသားများအားလုံး အပြေးအလွှား သွားမိကြလေသည်။

အဝေးဆင်ခြေလျှောကုန်းစောင်းတွင် လဲပြိုလုလု လူတစ်ယောက်။

ရွာသားများ ခြေလှမ်းတုံ့ကနဲ ဖြစ်သွားကြလေသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာ မြင့်ဆောင် မဟုတ်လား"

"အေး၊ ဟုတ်တယ်"

"တို့နောက်လိုက်လာတာနဲ့ တူတယ်နော်၊ သူ ဘာလို့ လိုက်လာရလဲ မသိဘူး"

"ဟုတ်ပါရဲ့ သူ ရွာပြင် ထွက်လေ့မရှိတော့တာပဲ အတော်ကြာလှပြီပေါ့"

မြင့်ဆောင်သည် သူတို့ တစ်ယောက်နှင့်မှ အလွမ်းသင့်သူမဟုတ်။ ထို့ကြောင့် ခပ်ဆိုင်းဆိုင်းပင် အနားကပ်သွားကြလေသည်။

မျက်နှာကြော မတည့်သော်လည်း လိုအပ်က အကူအညီ ပေးဖို့ရန်ပေါ့။

သို့သော် သူတို့ နောက်ကျသွားခဲ့ကြလေပြီ။ မြင့်ဆောင်ရှိရာသို့ တိတိပပ သူတို့ရောက်သွားစဉ်မှာပင် ပုန်းကနဲ လဲပြိုကျသွားသောအဖြစ်အား တွေ့လိုက်ကြရလေ၏။

"မြင့်ဆောင် ... မြင့်ဆောင်"

အော်ဟစ်သံများ စီစီညံ၍ သွားသည်။ လဲကျ



နေသော မြင့်ဆောင်ပတ်ပတ်လည်တွင် စက်ဝိုင်းသဖွယ် ဝိုင်းပတ်လိုက်မိကြ၏။

မြင့်ဆောင်သည် ပက်လက်လန်ကျလဲပြိုလျက်။ ပြင်းထန်စွာလှုစွာသော ကြောက်လန့်ဖွယ် တစ်စုံတရာနှင့် ရင်ဆိုင်လိုက်ရသည်ပမာ မျက်လုံးများက ပြူးကျယ်ဝိုင်းစက်နေလေ၏။

နဂိုထဲက ညှိုးမောင်းသောမျက်နှာမှာ ယခုအခါ ပြာနှမ်း၍ နေသည်။

လူတွေ ဝိုင်းအုံကြည့်နေကြပြီး ...

သူ့နာမည်အား တကျော်ကျော်ခေါ်နေကြသော်လည်း မြင့်ဆောင်ကား တုတ်တုတ်မျှ မလှုပ်။

မည့်သို့ တုန့်ပြန်နိုင်ပါတော့မည်နည်း။ မြင့်ဆောင်ကား အသက်ကုန်၍ နေခဲ့ချေပြီ။

ရွာသားများထဲ၌ အသက်အကြီးဆုံးဖြစ်သော ဦးစံဝက ရှေ့တိုးသွားကာ မြင့်ဆောင်အားစေ့စေ့စပ်စပ်ကြည့်သည်။ ထို့နောက် ခေါင်းကို ညင်ညင်သာသာ ခါယမ်းရင်း သက်ပြင်းတစ်ခုကို လေးလေးတွဲ့တွဲ့ ချ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဆောင်တစ်ယောက်တော့ သွားရှာပြီ"

တီးတိုးရေရွတ်သံနှင့်အတူ မြင့်ဆောင်၏ ခန္ဓာကိုယ်အား အထက်အောက်ကြည့်ရှုလိုက်လေသည်။

ယင်း၏ ခြေဖမိုး အထက်လောက်ဆီတွင် အပေါက်ငယ်ကလေး နှစ်ပေါက်မှ ညှိမည်းသော သွေးများ စိမ့်ထွက်လျက်။

ဦးစံဝက နောက်ထပ်စကားတစ်ခွန်းကို တီးတိုးဆိုလိုက်သည်။

"ဘမင်းအုပ်စုက နောက်ဆုံးတစ်ယောက်တော့ သွားလေပြီပေါ့၊ တကယ့်ကို ... အရင်လူတွေ အတိုင်းပါပဲ"

စကားက ထိုမျှသာဖြစ်သော်လည်း အားလုံး နားလည်မိကြလေ၏။

ကျောထဲစိမ့်သွားသလို တွန့်ကနဲဖြစ်သွားကြရင်း ဘေးဘီဝဲယာ ကြည့်မိကြ၏။ အရေးထဲမှပင် ထိုအချိန်ကျမှ ဝင်လုဆဲဆဲ နေရောင်အား တိမ်တိုက်တစ်အုပ်က ဖုံးပစ်လိုက်တော့သည်။



ဘေးဘီဝန်းကျင် လောကတစ်ခုလုံး မှောင်ကျ။

အသက်ကင်းမဲ့နေပြီဖြစ်သော မြင့်ဆောင်အလောင်းဆီမှ ပြူးကျယ်ပိုင်းစက်သည့် မျက်လုံးကြီးနှစ်ခုကိုသာ အသည်းထိတ်စဖွယ် ထင်းထင်းကြီး မြင်တွေ့နေရပါလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



[၁]

"မြင့်ဆောင်တစ်ယောက် သေရှာပြီ"

ဟူသော သတင်းသည် စိမ့်မြေရွာ တစ်ရွာလုံးသို့ လျှင်မြန်စွာပျံ့နှံ့၍ သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ"

ဟု အချင်းချင်း မေးကြ၏။ အဖြစ်အပျက်ကို ကြားပြီးသည်နှင့် ...

"သြော် ... ဘမင်းအုပ်စုက နောက်ဆုံးတစ်ယောက်တော့ သွားလေပြီပေါ့"

ဟု ရေရွတ်တတ်မြဲ ဖြစ်လေသည်။

ရွာလယ်ပိုင်း လူစုနေကျ ညောင်ပင်ကြီး နံဘေး



က တဲမှာနေသူများမှ ပန်းနွယ်တို့လည်း ထိုသတင်းကို ကြားပါသည်။

သို့သော် ထိုသတင်းကြားပြီးတိုင်း လူကြီးတွေ ရေရွတ်သွားတတ်ကြသော စကားကို နားမလည်။

ဘယ်က ဘမင်းလဲ? ဘမင်းအုပ်စု ဆိုတာကရော ဘာလဲ? ပြီးတော့ ... အရင်လူတွေအတိုင်းပဲ ဟုလည်း ပြောတတ်ကြချေသေး၏။

လူကြီးတွေ ဘာများ ပြောနေကြပါလိမ့်။

သေသွားသည့် မြင့်ဆောင်ဆိုသော လူကြီးမှာလည်း မျက်နှာထား တင်းမာသလောက် တစ်စုံတစ်ရာကို အမြဲ စိုးရိမ်ထိတ်လန့်နေပုံရသော အလွန် လျှို့လျှို့ဝှက်ဝှက်နေတတ်သည့် လူကြီးတစ်ယောက်ဖြစ်လေသည်။

ဒီရွာမှာ သူမတို့လူငယ်တွေမသိသော လျှို့ဝှက်ရာဇဝင်တွေရှိသလား။ ရှိတယ်ဆိုရင်တော့ ထိုအဖြစ်သည် ထိတ်လန့်ခြောက်ခြားဖွယ် တစ်စုံတစ်ရာနှင့် ဆက်စပ်နေပုံရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း၏အသွင်က ထိုအကြောင်း ပြောပြီးသည်နှင့် ကျောစိမ့်သွားသလို ပြုတတ်မြဲ။ ပြီးတော့ နောက်ကျောမလုံသလိုလည်း ဟိုဟိုဒီဒီကြည့်တတ်ကြပြန်သေး၏။

ဒီလိုဆိုတော့ပန်းနွယ်တို့အဖို့ သိချင်စိတ်ပိုပြင်းပျရသည်ပေါ့။ အဖွားကိုလည်း ပြောပြလိုဟန်မရသည်မို့ မမေးရဲ။

ထို့ကြောင့်ပင် ...

"ဦးဘမင်း ရွာကို ပြန်လာပြီ"

ဟူသော သတင်းစကားကို ကြားရသောအခါ ပန်းနွယ်တစ်ယောက် ရှေ့ဆုံးမှ သွားကြည့်မိခဲ့ခြင်းဖြစ်ပါလေသည်။

✸



ပန်းနွယ်သိသလောက်တော့ သူမတို့ရွာမှာ ထိုမျှလူ အကြိုဆိုခံရသောသူဟူ၍ မရှိခဲ့စဖူးပါ။

ရောက်လာသူအား ခင်မင်ကြည်ညိုသည်ထက် စပ်စုလိုကြသည်က ပို၍များပေမည်။ ကလေးလေးကအစ သက်ကြီးရွယ်အိုများအဆုံး ရွာဦးထိပ်မှာ စုပြုံနေကြလေတော့၏။

ဦးဘမင်းဆိုသော လူကြီးကလည်း အတော်ကိန်းကြီး ခန်းကြီးနိုင်လှသည်ပဲ။ သူမတို့လို တောရွာကလေးက အသုဘဆီ လာသည်ကိုပင် နောက်ပါ အခြွေအရံတွေ တလှေကြီးနှင့် ရောက်ရှိလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကားချည်းပဲ နှစ်စီးတိုက်။

ဖုံတသောသော မှိုခေါ်အောင် မောင်းလာရင်း ရွာထိပ်အဝင်ဝမှာ ကားခဏစိုက်လေ၏။

စောင့်နေကြသော လူအုပ်ကိုကြည့်ကာ ဒင်း အံ့သြပုံရပါသည်။ အလုံကာထားသော ကားမှန်တံခါး ဖွင့်ကြည့်သည်ကို တွေ့၏။

လူတွေ ဝေါကနဲ တိုးဝေ့ကြည့်ကြသည်။ နေရာချင်းလုမ်းနေသည်မို့ ပန်းနွယ်အတွက် မြင်ကွင်းက သိပ်မသာ။

ဒင်း ရောက်မလာခင် အစောကတည်းက ကြို လွှတ်ထားသော တပည့်က ကားနားပြေးကပ်သွားလေ၏။ ဦးဘမင်းက ဝေ့ကြည့်ရင်း တစ်နေရာ၌ ရှိနေသော သူကြီးကို မြင်သွားပုံရလေသည်။

"ဟာ သူကြီးပါ ကျွန်တော့် လာကြိုနေတာလား"

သူကြီး အိုးတိုးအန်းတန်းဖြစ်သွားခဲ့သည်။

"အင်း ... ဒီလိုပါပဲ ရွာထိပ်လူစုစုမြင်လို့



လျှောက်လာတာလေ"

လူတွေကို သူဝေ့ကြည့်သည်။

"သူတို့အားလုံးက ကျွန်တော့် ကြိုနေကြတာလား"

"အင်း သူတို့တွေလည်း ဒီလိုပါပဲ"

တယ် ပဏာယူတတ်တဲ့ လူကြီးပဲဟု ပန်းနွယ် တွေးမိသည်။ လူတွေက သူ့ကို အထူးအဆန်းသဘော လာကြည့်တာများ ကြိုနေကြသလေး ဘာလေးနဲ့။

ဒီလိုလူအုံနေတာကိုပဲ ဒင်းက သဘောကျနေပုံရ၏။ ဒီလို မဖြစ်ဖြစ်အောင်ပဲ လွှန်ခဲ့သော နှစ်နာရီလောက်ကတည်းက လူတစ်ယောက် ကြိုလွှတ်လိုက်ပြီး ဒင်းတို့ ဘယ်အချိန်ရွာရောက်လာမယ်ဆိုတာ လိုက်ဆော်အောထားခြင်း ဖြစ်လေသည်။

အခုတော့ ရိုးသားတဲ့ရွာသားတွေမှာ အားလုံးသူ့ဆင်ကွက်ထဲ ရောက်ကုန်တော့တာပေါ့။

ဦးဘမင်းဆိုသော လူကြီးက သူကြီးတက်နိုင်ရန် သူ့ကားတံခါးကို ဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါ …သူကြီး၊ ကျွန်တော့်ကားနဲ့ တစ်ပါတည်း ရွာထဲ ပြန်လိုက်ခဲ့ပါ"

"ဟာ နေပါစေ"

"ဩော် ဘာ့ယ်ဟုတ်ပါ့မလဲ၊ လာပါ သူကြီးရယ်"

အတင်းခေါ်နေသောကြောင့် သူကြီးက ကားပေါ်တက်လိုက်ရလေသည်။ သူကြီးတက်ပြီးသည်နှင့်ပင် ကားတံခါးကြီးက ဝုန်းကနဲ ပြန်ပိတ်၍ သွားသည်။

ကားမှန်အနက်ကြီးသည်လည်း တစ်ပါတည်း ပြန်တင်၍သွား၏။

ပြီးတော့ လူအုပ်ကိုရော သူကြီးလွတ်ထားသော တပည့်ကိုရော ရှိတယ်လို့မှမထင်။ ဝေါကနဲ ရွာထဲသို့ မောင်းဝင်သွားလေတော့သည်။

ပန်းနွယ်တို့အနားရောက်လာလို့ ကြည့်လိုက်တော့ မီးခိုးကားကြီး၏ ပြောင်လက်နေသော သတ္တုရောင်ကိုယ်ထည်တွင် သူမတို့ နံဘေးမှရပ်ကြည့်နေသူတို့၏ အရိပ်များထင်ဟပ်သွားသည်ကိုသာ တွေ့လိုက်ရ၏။



"ကောင်းလိုက်တဲ့ ကားကြီးကွာ"

တစ်စုံတစ်ယောက်က ရေရွတ်သည်။ နောက်တစ်ယောက်ကလည်း …

"ကားထဲမှာ လေအေးစက်ကြီးရှိတယ် ထင်တယ်၊ ကားတံခါးဖွင့်လိုက်တာနဲ့ အေးသွားတာပဲ"

တဲ့။ ကလေးတွေကတော့ ဟေးကနဲ အော်ကာ ကားနောက် ပြေးလိုက်သွားကြလေသည်။ လူကြီးများကတော့ ခပ်ဖြည်းဖြည်းပင်ရွာထဲ ပြန်ဝင်ခဲ့ကြ၏။

ပန်းနွယ်မှာ လူကြီးအုပ်နား မယောင်မလည်ကပ်ကာ သူတို့ပြောလေသမျှကို အမိအရ နားစွင့်နေမိသည်။

"အသက်တောင် တော်တော်ကြီးသွားပြီနော်"

"အေးလေ ရွာက ထွက်ပြေးသွားတာမှအတော်ကို ကြာသွားခဲ့ပြီပဲ"

"အရမ်း ချမ်းသာနေပုံရတယ်"

"အရင်ကတည်းကလဲ ချမ်းသာသားပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အခု ကြည့်ရတာ အရင်ထက် အဆပေါင်းများစွာ ပိုမယ်"

သို့သော် တစ်ယောက်ကမှ ထိုလူကြီး၏ အတိတ်နှင့် ပတ်သက်၍ မပြောကြ။

ရွာက ထွက်ပြေးသွားခဲ့တယ်ဆိုတော့ ကြည့်ရတာ အဲဒီလူကြီး အကျင့်မကောင်းဘူးနဲ့ တူတယ်ဟုသာ စိတ်က အတင်းမှတ်ချက်ချနေမိလေသည်။

လူကတော့ တကယ့်လူချမ်းသာဖြစ်ဟန်ပါပဲ။ ဒီရွာနီးချုပ်စပ်မှာ ဒင်း၏ နေဥစ္စာကို မှီသူဟူ၍ရှိလိမ့်မည်မထင်။ ခပ်လှမ်းလှမ်းကသာ မြင်ရသည်မို့ ရုပ်သွင်ပြင်ကဖော်ပြသည့်စိတ်သဘောကိုတော့ ပန်းနွယ်အတိအကျ မှန်းဆလို့ မရခဲ့ပါ။

အသက်၅၀ဝန်းကျင်ခန့်ရှိ လူကြီးတစ်ယောက်ဟူသည်မှအပ မည်သည့်အရာကိုမျှ အကဲခတ်၍မရခဲ့ပါချေ။



[၂]

နောက်ဆုံး ... ဘယ်လိုမှ မနေနိုင်တော့သည့် အဆုံးကျမှ အဖွားအား မေးမြန်းဖြစ်ခဲ့ခြင်း ဖြစ်ပါလေသည်။ ပန်းနွယ်သာမက သူမတို့အိမ်တွင် လာရောက်ကာ ကပ်ရပ်နေထိုင်သော နန်းရှင်ကပါ သိချင်နေသဖြင့် အဖွားအား မေးကြည့်ရန် တိုက်တွန်း၏။ ယင်းမြှောက်ပေးမှုကြောင့်လည်း ပန်းနွယ်မေးဖြစ်ခဲ့ရပါလေ၏။ ဒါတောင် ခပ်ရွံ့ရွံ့နှင့် မေးရခြင်းဖြစ်လေသည်။

"မောင်ဘမင်းအကြောင်းက ...ပြောရမယ်ဆို အများကြီးပေါ့ အေ"

"သူ သူက လူကောင်းမဟုတ်ဘူးလားဟင်

www.burmeseclassic.com

www.burmeseclassic.com



ဖွားဖွား''

''ညည်း ဘယ်သူကပြောတုန်း''

အဖွား၏ ခပ်ဆတ်ဆတ်အမေးကြောင့် ပန်းနွယ်တုန်ကနဲ ဖြစ်၍သွားသည်။ အဖွားမျက်နှာကို လှမ်းအကဲခတ်ကြည့်မိ၏။ စိတ်ဆိုးသွားသည်တော့ မဟုတ်၊ သက်ပြင်းတစ်ချက်ချရင်း ဆက်ပြောပြလာသည်။

''အင်းပေါ့လေ ... သိပ်ကောင်းတယ်လို့တော့ ပြောမရဘူးပေါ့၊ မောင်ဘမင်းတို့က သိပ်ချမ်းသာတယ်၊ ဒီတော့ ဒီရွာမှာလည်း အတော်ရမ်းကားခဲ့တယ်လို့ ဆိုရမှာပေါ့၊ ဒါပေမယ့် သူကတို့ကျေးဇူးရှင်အေ့''

''သူက သမီးတို့ ကျေးဇူးရှင်၊ ဟုတ်လား''

''ဟုတ်တယ်၊ တို့အခုနေနေတဲ့ အိမ်ဝိုင်းကြီးကသူ့ဟာပေါ့''

''ဟင် သူက ဘာလို့ပေးနေထားရတာတုန်း''

''ညည်းအဖေ မျက်နှာကြောင့်ပေါ့ အေ''

''ဟင် ဒါ ဒါဆို အဖေ အဖေကရော ဘမင်း



အုပ်စုဆိုတာပဲလား ဟင်''

''အင်း ဟုတ်တာပေါ့၊ ဒါနဲ့ ညည်းအဖေဘယ်လိုသေသွားခဲ့တယ်ဆိုတာ သိသလား''

''ရောဂါတစ်ခုခုကြောင့်မဟုတ်ဘူးလားဟင်''

ယခုမှပင် အဖေသေဆုံးခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ သူမအား ဘယ်သူကမှ အသေအချာပြောမပြခဲ့ဖူးသည်ကို အမှတ်ရလိုက်မိသည်။

အဖွားကို လှမ်းကြည့်တော့ နံရံပေါ် ထိုးထားသော ...

**ကိုဒေါင်းမွန်**

**အသက် ၂၈နှစ်။**

ဟုအမည်ပါ ယပ်တောင်ကလေးဆီ ရီဝေဝေငေးကြည့်နေသည်ကို တွေ့၏။

ခဏအကြာ ထွက်ပေါ်လာသော စကားသံတို့ကလည်း ရီဝေမှိန်ဖျော့၍ နေပါလေသည်။

''တကယ်တော့ ငါ့သားလေးမောင်ဒေါင်းမွန်ဟာ လူကောင်းလေးပါ အေ၊ သိပ်ကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားကောင်းတဲ့လူပါ''

ထိုမှဆက်ကာ အဖွားသည် အဖေ့အကြောင်း အလုံးစုံအား တတွတ်တွတ်ပြောပါလေတော့သည်။ သူကြည့်ရသည်မှာ ပန်းနွယ်အားပြောပြနေသည်နှင့် မတူ။ သူ့ဖာသာ ပြောနေသည်နှင့် တူလေ၏။ တကယ့်တော့လည်း အတိတ်နေ့ရက်များအား သတိရစိတ်ဖြင့် ရေရွတ်နေခြင်းပါပင်။

သူ့စကားများတွင် အဓိကဇာတ်ဆောင်အဖြစ်ပါဝင်နေသည်မှာတော့ ဟိုလူကြီး ဦးဘမင်းပေတည်း။ အဖွား၏ လွင့်လွင့်မျောမျောစကားသံများကို နားထောင်ရင်း ပန်းနွယ်သည်ပင် အတိတ်နေ့ရက်များ၌ ကိုယ်တိုင်ပါဝင်စီးမျောနေရသကဲ့သို့ ခံစားနေရလေတော့သည်။

ဖဖဖဖဖ



[အတိတ် – ၁]

ထိုနေရာအား ယခင်က 'မိုလ်တဲ' ဟု ခေါ်ကြလေသည်။ သူတို့ရွာနှင့် မလှမ်းမကမ်းရှိကုန်းမြင့်မြင့်ပေါ်တွင်တည်ရှိ၍ ပျဉ်ထောင်အိမ်ခပ်ကြီးကြီးတစ်လုံးဖြစ်လေသည်။

ထိုမှအနောက်ဘက်တွင်တော့ ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆီး၍နေသော တောစပ်ပင်တည်း။ ရှေးယခင်က အင်္ဂလိပ်ကြီးများ အမဲလိုက်ထွက်ရာတွင် တစ်ထောက်နား အပန်းဖြေဖို့ရန် တည်ဆောက်ထားခြင်းဖြစ်၏။ ယခုမူ အသုံးမပြုသည်မှာ ကြာမြင့်ခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်သည် ...

ကိုဘမင်းက ထိုဗိုလ်တဲအား ဝယ်ယူလာခဲ့သည်မှ စတင်လေ၏။

မြို့နှင့် အဆက်အသွယ်ကောင်းသူ လူရည်လည်သူ ကြေးရတတ်တစ်ဦးမှ ထိုဗိုလ်တဲအား လေလံဖြင့် ဝယ်ယူရရှိခဲ့လေ၏။ ဗိုလ်တဲနေရာသာမက ထိုဗိုလ်တဲအပိုင် မြေဧကကြီးတစ်ခုလုံးကို ရရှိလိုက်ခြင်းဖြစ်၍ အတော်တန်လှသည်ဟု ဆိုကြသည်။

ကိုဘမင်းက ဗိုလ်တဲဟောင်းအားဖျက်ကာ အိမ်သစ်တစ်ဆောင်ဆောက်လုပ်ပြီး သူကိုယ်တိုင်နေထိုင်ရန် စီစဉ်သည်။ ထို့နောက်တွင် ဗိုလ်တဲအပိုင်မြေဧကကြီးတစ်ခုလုံးကို ရှင်းလင်းရန်စီစဉ်သည်။

စိုက်ပျိုးရန်၊ မွေးမြူရေးလုပ်ရန်မြေနေရာအတွက် အသုံးချရန်ရည်ရွယ်၏။ တပည့်တပန်းများသူမို့လည်း တစ်ယောက်တစ်လက်ဖြင့် ဝိုင်းဝန်းလုပ်ဆောင်ကြသည်မှာ အားရစဖွယ်ပင်တည်း။

သို့သော် ... ပြဿနာသည် မမျှော်လင့်သော



တစ်နေရာမှ မမျှော်လင့်သောပုံစံတစ်မျိုးဖြင့် ဝင်ရောက်လာလေတော့သည်။

သူဝယ်ယူလိုက်သော ခြံကျယ်ကြီး၏ တမျှော်တခေါ်ရှိနေသော ဧရိယာကြီးအားကြည့်ကာ ကိုဘမင်းတစ်ယောက် ပီတိဖြာနေစဉ်မှာပင် တစ်စုံတစ်ယောက်၏ ပြေးလာသံကြောင့် သူ့အတွေးများ ပြတ်တောက်သွားရလေသည်။

လှမ်းကြည့်သောအခါ သူ့ညီဖြစ်သော မောင်ဘဝင်းအားတွေ့လိုက်ရ၏။

"ဟေ့ကောင် အလောတကြီးနဲ့ ဘာဖြစ်လာရတာတုန်း"

"ဟို ဟို ... ခြံနောက်ဘက်ဘောစပ်မှာ"

မောင်ဘဝင်းမှာ ဟောဟဲဆိုက်နေကာ ဗလုံးဗထွေးဖြင့် စကားဖြောင့်အောင်မပြောနိုင်။ ကိုဘမင်းက စိတ်မရှည်နိုင်ဖြစ်သွားရ၏။

"ဟေ့ကောင် ဘာဖြစ်တာလဲဆိုတာ သေချာပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘဝင်း၏ ပခုံးနှစ်ဘက်ကို အတင်းကိုင်လှုပ်ကာမေးသည်။ ဒီလိုဖြစ်လေ မောင်ဘဝင်းအဖို့ပိုဆိုးလေပင်။ နဂိုကတည်းက ကြောက်တတ်သူမို့ အလွန်ထိတ်လန့်နေသောအသွင်က သူ့ထံတွင် အထင်းသားပေါ်လွင်၍နေသည်။

အလွန်သွေးပျက်စရာတစ်စုံတစ်ခုနှင့် တွေ့ကြုံလာရသည့်နှယ် သူ့မျက်နှာတစ်ခုလုံး နီမြန်းကာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်၍နေသည်။ ချွေးသီးချွေးပေါက်များက နဖူးဆံစပ်ဆီမှ ကြီးမားစွာတစ်လုံးချင်းလိမ့်ဆင်းကျ၍နေသည်။ ထိုချွေးတို့ဖြင့်ပင် တစ်ကိုယ်လုံးမှာလည်း ရွှဲနစ်၍နေလေသည်။

"ဟော့ကောင် ဘာဖြစ်နေတာလဲ၊ သေသေချာချာ ပြောစမ်းပါ"

"ဟို ဟို ..."

ပြောချင်ပါသော်လည်း စကားသံက ရုတ်တရက် ထွက်မလာ။

နောက်ဆုံး ...



စိတ်မရှည်တော့သည့် ကိုဘမင်းမှာ သူ့အားထားရစ်ကာ ယင်းညွှန်ပြရာသို့သာ ခပ်သုတ်သုတ်ပြေးထွက်ခဲ့ပါလေတော့သည်။

သူ့ခြေလှမ်းများက ... ခြံနောက်ဘက်တောစပ်သို့တည့်တည့် ဦးတည်လျက် ...

✸

www.burmeseclassic.com

www.burmeseclassic.com



အဝေးခပ်လှမ်းလှမ်းကပင် လူတွေရုံးစုရုံးစု ဖြစ်နေကြသည်ကို မြင်၏။

ကိုဘမင်းပြေးလာသည်ကို မြင်သည့်အခါ နောက်လှည့် လှမ်းကြိုကြလေသည်။

“ဘာဖြစ်တာလဲ ဟေ့ကောင်တွေ”

အနားရောက်သွားသည်နှင့် တစ်ဆက်တည်းပင် ကိုဘမင်းက မေးလိုက်သည်။ သူ့အလုပ်သမားများ၌ ခေါင်းဆောင်ဖြစ်သော ကိုဒေါင်းမွန်က တောစပ်တစ်နေရာဆီ လက်ညှိုးထိုးပြလေ၏။

ကိုဘမင်းက မေးလည်းမေး၊ ဆက်တိုးသွား



သည်လည်းဖြစ်ရာ လူအုပ်က သူ့ဝင်သာရန် ရှကာလမ်းဖွင့်ပေးကြလေ၏။ ထိုအခါမှပင် သူ့တပည့်များအားလုံးအစက တစ်နေရာဆီ ဝိုင်းအုံကြည့်နေကြသည့်အဖြစ်ကို သိလိုက်ရလေ၏။

ကိုဘမင်းရှေ့ဆက်တိုးသွားသောအခါ ခြုံနွယ်များ များပြားရှုပ်ထွေးနေသည်ကိုအရင်ဆုံး မြင်ရလေ၏။ ထိုဘက်တွင် ခြုံထူနေသလောက် ဒီမှာဘက်တွင်တော့ သူ့တပည့်များက ရှင်းလင်းထားကြသည်ဖြစ်ရာ မြေတစ်ကြောတည်းဖြစ်သော်လည်း သိသိသာသာ ကွဲပြား၍ နေပါလေသည်။

ရှင်းလင်းနေသော မြေပြင်နှင့် တောထမှိုင်းမှုန်နေသော မြေပြင်က စည်းခြားထားသည့်နှယ်။

ရှုပ်ပွလိမ်ယှက်နေသော ခြုံနွယ်များအောက်တွင်တော့ သစ်ရွက်ခြောက်များက ဖရိုဖရဲပြန့်ကြဲလျက်။ ထိုသစ်ရွက်များအောက်မှ လှုပ်ရှားမှုတစ်စုံတစ်ရာအား မြင်လိုက်ရသည့်အခါ ကိုဘမင်းအာရုံစူးစိုက်သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ထိုနေရာဆီ တိုးသွားကြည့်ရန်ပြင်၏။

"သတိထား နော်"

နောက်ဘက်မလှမ်းမကမ်းမှာ ကျန်ခဲ့သော ကိုဒေါင်းမွန်က သတိပေးသည်။ ကိုဘမင်းက ဦးခေါင်းညိတ်ပြရင်း ရှေ့ဘက်တိုးသွားပါလေ၏။

ခုနကတွေ့လိုက်ရသော လှုပ်ရှားမှု၏အကြောင်းရင်းခံအား မြင်လိုက်ရပါလေပြီ။ ကိုဘမင်းမှာ သူ့မျက်စေ့ပင် သူမယုံနိုင်။ သတ္တိကောင်းသူဖြစ်သော်လည်း သွေးကြောထဲစိမ့်လောက်အောင် အသည်းတယားယား ဖြစ်ခဲ့မိ၏။ သူ့တစ်သက်ထိုမြင်ကွင်းမျိုးတစ်ကြိမ်ကမှ မမြင်ခဲ့စဖူး။

ကိုဘမင်း၏ ခြေလှမ်းများ တုန့်ကနဲဖြစ်သွားမိကာ နောက်ဘက်ရှိသူ့လူများဆီ ပြန်ကြည့်မိ၏။ ကိုဒေါင်းမွန်နှင့် အကြည့်ချင်းဆုံမိသည်။ ကိုဒေါင်းမွန်က သာသာလေး ခေါင်းကိုညိတ်ပြ၏။

"တော်တော်ဆိုးတာပဲ"

ကိုဘမင်းတီးတိုးရေရွတ်သည်။ ကိုဒေါင်းမွန်က



ခေါင်းကိုထပ်ညိတ်ရင်း ...

"ဟုတ်တယ်၊ အများကြီးပဲ ... ကြောက်စရာ တောင်ကောင်းတယ်"

တံတွေးနင်သလို စကားထစ်နေရင်းမှ ကိုဘမင်း၏ နှုတ်ဖျားမှ စကားလုံးတစ်ခုထွက်ကြလာလေသည်။ ခုနက သူတွေ့လိုက်ရသောအရာကို ခေါ်လိုက်ခြင်းပင်တည်း။

အသံက မပီမသဖြစ်သွားသဖြင့် သူနောက်တစ်ကြိမ် ထပ်ပြောလိုက်ပြန်သည်။

"မြွေသိုက် ... တကယ့်ကို ကြီးမားတဲ့ မြွေသိုက်ကြီးပါပဲ"

ထို့နောက် တိုင်ပင်ထားသလိုပင် အားလုံးတိတ်ဆိတ်စွာ မြေတစ်နေရာဆီ အကြည့်ရောက်သွားခဲ့၏။

ယောက်ျားကြီးလက်ဖျံခန့်မျှ ရှိမည်ဖြစ်သော၊ အကွက်ကွက်ထနေသည့်ရှည်မျောမျော အကောင်ကြီးများစွာမှာ တွန့်လိမ်လှုပ်ရှားလျက်။ နှစ်ခွသော လျှာတွေက သူတို့ ပါးစပ်များမှာ ဝင်ချီထွက်ချီ။ တစ်ချို့လည်း

www.burmeseclassic.com



အချင်းချင်းထိခတ်မိသည်ကိုပင် ဒေါသကြီးစွာ [illegible]ါးပြင်းများ ချိုင့်ခွက်နေအောင် တထောင်ထောင်ရှိနေကြလေသေး၏။

သစ်ရွက်ကြွေများအောက်၊ သစ်ပင်ကိုင်းကျိုးများစုပုံနေရာတလျောက်ရှိ ခပ်နိမ့်နိမ့်ဖြစ်နေသော မြေချိုင့်ဝှမ်းကြီးတစ်ခုလုံးမှာ သူတို့၏ တွန့်လိမ်နေသော ခန္ဓာကိုယ်များချည်းပင်တည်း။

မြွေတွေ … မြွေတွေ။

တစ်ကယ့်ကို အများကြီးပါပဲ။

လိမ်ယှက်ရစ်ပတ်ကာ အတွေးလိုက်အခဲလိုက်ကြီး ဖြစ်နေကြသည်လည်း ရှိ၏။ ဘေးဘယ်ညာသို့ ဦးခေါင်းများပြူကာ ခန္ဓာတစ်ဝက်မျှ ဆန့်ထွက်နေကြသူတွေလည်းရှိ၏။

သူတို့ဆီမှ တရှူးရှူး တရှီရှီအသံများသည်ပင် တိတ်ဆိတ်သော ပတ်ဝန်းကျင်တစ်ခုလုံးအားကြီးစိုးထားသည်သို့။

ကိုဘမင်းဦးဆောင်သော လူအုပ်မှာ သူတို့



မျက်စိရှေ့တွင်တွေ့နေရသည့် သူတို့ယခင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့သော မြွေသိုက်ကြီးအား အသည်းယားထိတ်လန့်စွာပင် မျက်လုံးများပြူးလျက် ညို့ချက်မိသလို အကြာကြီး ငေးကြည့်နေမိကြပါလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



“မီးရှို့ပစ်လိုက်”

ကိုဘမင်းဆီမှ ထွက်ပေါ်လာသော အသံက တိတ်ဆိတ်မှုအား ဖောက်ခွဲပစ်လိုက်သည့်နှယ်ပင်။ ကိုဒေါင်းမွန်က သူ့အားငေးကြည့်၏။

“မီးရှို့ပစ်လိုက်၊ အဲဒီမြွေသိုက်ကို မီးရှို့ပစ်လိုက်လို့ပြောနေတာ”

“ဗျာ”

“ဟုတ်တယ် ... ဓာတ်ဆီတွေပတ်ချာလည်လောင်းပြီး မီးရှို့လိုက်တော့၊ တစ်ကောင်မှ မကျန်ရစ်စေနဲ့နော်”



“ဘယ် ဘယ်ဖြစ်မလဲ၊ အဲဒီလိုလုပ်လို့”

ကိုဒေါင်းမွန်က ကြောက်ရွံ့မှုဖြင့် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေခဲ့သည်။

“မလုပ်လို့ မဖြစ်ဘူး၊ နို့မို့ဆို ဒီနောက်ဘက်က နောက်ထပ်ခြံနေရာကြီးကို ဘယ်လိုရှင်းကြမလဲ”

“ဒါပေမယ့် ဒီလိုလုပ်ရင် အန္တရာယ်များမှာပေါ့”

“ဒါကြောင့် တစ်ကောင်မှ မကျန်ခဲ့စေနဲ့လို့ ပြောတာပေါ့၊ အိမ်အောက်ထက်မှာ ဓာတ်ဆီပုံးတွေအများကြီးရှိတယ်၊ သွားယူပြီးလုပ်လိုက် ဓာတ်ဆီကို မနှမြောနဲ့ ကုန်ချင်သလောက် ကုန်ပေစေ”

“ဒါ ဒါပေမယ့် ဒီအရပ်က အနောက်ဘက်ရှင်မကို ကိုးကွယ်ကြတာလေ၊ အဲဒီလိုလုပ်ရင် ဆိုင်ရာပိုင်ရာတွေက ဘယ်ကြိုက်မလဲ ငြိုငြင်လိမ့်မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဆိုစကားကိုတော့ သူတို့ထဲတွင် အသက်အကြီးဆုံးဖြစ်သည့် ကိုဖိုးတုတ်က ပြောလိုက်ခြင်းဖြစ်ပါသည်။ သူ့စကားကြားသောအခါ ကိုဘမင်းက တဟားဟားအော်ရယ်လေတော့သည်။

"ဟား ဟား ဟား ဖိုးတုတ်ရယ် လူကတော့ အရက်သမား သွေးက နဲရန်ကောကွာ၊ ဟော့ကောင် ဒီမှာ မင်းပြောတဲ့ ဆိုင်ရာပိုင်ရာတွေနဲ့ ငါနဲ့ ဘယ်သူက ပိုသြဇာရှိသလဲ"

"ဒါ ဒါကတော့"

"အေး သူတို့က မြင်ရတာမဟုတ်ဘူး၊ ငါက ဟော့ဒီမှာတွေလား … …

အနားရှိ လှဲတစ်သီးထဲမှ ပေါင်းမြက်ရှင်းသော ဓါးကောက်အား ကိုဘမင်းဆတ်ကနဲ လှယူလိုက်လေသည်။

… မင်း ငါ့စကားနားမထောင်လို့ ငါဒေါသထွက်လာရင် တစ်ခါတည်း ဇက်ပြတ်သွားမယ် ဘာမှတ်သလဲ"



ထိုဓားကောက်ဖြင့် လည်ပင်းထက်တင်ရွယ်ခြင်း ခံရလေသောအခါ ဖိုးတုတ် ကိုယ်ယို့ကာ လန့်သွားခဲ့သည်။ ချွေးသီးချွေးပေါက်တွေပင် ချက်ချင်းကျလာခဲ့၏။ ကိုဘမင်းက ဓားကို ပြန်သိမ်းလိုက်ကာ မလှမ်းမကမ်းရှိ မြွေအုပ်ထဲပစ်ပေါက်လိုက်လေ၏။

ဓားက မြွေတစ်ကောင်ဆီသို့ တည့်တည့်။

ထက်မြလွန်းသော ဓားသွားကြောင့် မြွေ၏ ခန္ဓာကိုယ် ထက်ပိုင်းပြတ်၍သွားသည်။ သွေးတွေနှင့် မြွေကိုယ်ပိုင်းပြတ်ကြီးမှာ အတန်ကြာ တဆတ်ဆတ်တုန်နေပြီးမှ ငြိမ်သက်၍သွားသည်။ မြွေတွေ ဝုန်းကနဲ ဖြစ်သွားကြ၏။ ဘေးဘီသို့ ခေါင်းများပြူလာကြသည်။

ကိုဘမင်းက သူ့လူအုပ်အားလောခေါ်လိုက်၏။

"ကဲ ကဲ လုပ်ကြတော့၊ တော်ကြာ ဒီကောင်တွေ အသိုက်ထဲက ထွက်လာပြီး လိုက်ကိုက်ကန်မှဖြင့် အကုန်သေကုန်မယ်၊ သူတို့မလုပ်ခင် ကိုယ်ကဦးအောင် အကုန်မီးရှို့ထားလိုက်၊ ပြောနေကြာတယ်၊ ဟော့ကောင်နှစ်ကောင် ဓာတ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ပုံးတွေ သွားယူစမ်းကွာ''

ကိုဘမင်းက အလုပ်သမားနှစ်ယောက်အား ခိုင်းလိုက်လေသည်။

နောက် ... များမကြာမီမှာပင် ထိုနေရာတစ်ခုလုံး မီးတဝုန်းဝုန်းတောက်လောင်နေလေတော့၏။

တွန့်လိမ်နေသော ကိုယ်ခန္ဓာများမှာ မီးတောက်တွေကြား အတုန်းအရုန်း။ တစ်ချို့မြွေတွေကလည်း အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ကမူးရှူးထိုးဖြင့် ပြေးကြလေ၏။ သို့သော် ပတ်ပတ်လည်မီးတောက်များ ဝိုင်းရံနေသောအဖြစ်က သူတို့အား လွတ်မြောက်ရာကို ရှာမတွေ့စေခဲ့။

ပူရှာလွန်း၍ထင်သည်၊ သွေးရူးသွေးတမ်း တစ်ကောင်နှင့် တစ်ကောင် ပြန်လည်ကိုက်ခဲကုန်ကြလေ၏။

ထိုအထဲတွင်မြွေသိုက်အလည်၌ရှိသောအကောင် ခပ်ကြီးကြီးတစ်ကောင်ကတော့ ထူးခြား၏။ ဒီလောက်ပူပြင်းတောက်လောင်နေသည့်ကြားမှ ပြေးဖို့လည်း မကြိုးစား၊ ဝေဒနာကိုလည်း အမှုထားဟန်မတူပဲ ပါးပြင်းကြီး



ဟိုဒီစောင်းငဲ့ကာ သူတို့အား ဝန်းရံထားသော မီးတောက်အပြင်မှ လူများအား လှမ်းကြည့်နေလေ၏။

ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ပတ်ပတ်လည်အား သူ့ပါးပြင်းကြီး ညွှတ်ကယ်ညွှတ်ကယ် ဖြစ်နေပုံမှာ သူတို့ကို သတ်ဖြတ်သူများအား တစ်ချိန်လက်စားပြန်ချေနိုင်ရန် မှတ်သားနေဘိသကဲ့သို့။

ကိုဘမင်းက ထိုမြွေကြီးအား မြင်သည့်အခါ ယင်း၏ ပြုမူနေပုံကြောင့် ဒေါသထွက်သွားခဲ့လေသည်။

''အမယ် ဒီကောင်က ဘာဖြစ်ရတာတုန်း၊ ရှူး ရှူး''

သူ့အပြင်မှ ဘယ်လိုခြောက်ခြောက် ထိုမြွေကြီးကတော့ ယင်း၏ လုပ်ရပ်အား နည်းနည်းလေးမျှ မရပ်တန့်ပါချေ။

ကိုဘမင်း စိတ်တော်တော်တိုသွားသည်။

''ဒီကောင်တော့ကွာ''

ဟု ရေရွတ်ကာ အနီးမှာ လက်နက်ကိရိယာတစ်စုံတစ်ရာကို ရှာ၏။ သူ့မျက်ဝန်းထောင့်စွန်းများတွင်

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည်ကသူ့လူတစ်ယောက်လက်မှ မြက်ရိတ်ဓားကောက်တစ်ခု။

ခြံတောရှင်းဖို့လိုအပ်သည်မို့ ထိုဓားကောက်များအား အတော်များများ ယူဆောင်လာခဲ့ကြပါလေသည်။

"ဟော့ကောင် ငါ့ ဓားပေးစမ်း"

ပြောလည်း ပြော၊ ဓားကိုလည်း လှမ်းယူ၊ ချက်ချင်းပင် မိုကနဲ မြွေရှိရာသို့ လှမ်းပစ်လိုက်၏။ မြွေကလည်း လျှင်လိုက်သည့်ဖြစ်ချင်း။ ပါးပြင်းထောင်လျက်သား ကော့ညွှတ်တိမ်းရှောင်သွားသည်။

ဓားကဝိုခေါ်အောင်လည်ပတ်ကာ မြွေ၏ခေါင်းပေါ်အနီးကပ်မှ ဖြတ်သန်း၍သွားလေသည်။ မထိလိုက်။

ကိုဘမင်း အရမ်းရှူးရှူးရှားရှား ဖြစ်သွားရလေတော့သည်။ နောက်ထပ် ဓားကို ထပ်ရှာ၏။ နောက်ထပ်ခပ်လှမ်းလှမ်းရှိ သူ့လူတစ်ယောက်ဆီတွင် ကိုင်ထားသည်ကို တွေ့လိုက်သည်။ ထိုလူကလည်း ကိုဘမင်းအားလှည့်ကြည့်နေလေ၏။

"ဟော့ကောင် ပေးစမ်း အဲဒီဓား"



ဟိုလူက ဓားပေးရန်လာ၏။

မြွေကလည်း ကိုဘမင်းသို့ပင် ရှူးရှူးရှားရှားဖြစ်နေခဲ့ပါလေသည်။ အတော်ဝေးနေသော်လည်း ပါးပြင်းကြီးကပိုထောင်လာကာ လှမ်းပဲပေါက်လိုက်တော့မည့်နှယ် နောက်သို့ ယိမ်းကာအားယူသလို ပြုနေလေ၏။

ထိုစဉ်မှာပင် ...

ကိုဘမင်း၏ညီ မောင်ဘဝင်းမှာ သူ့အစ်ကိုထွက်သွားတာ ကြာပြီဖြစ်၍လည်းကောင်း မီးတောက်များ မီးခိုးများအားမြင်သဖြင့်လည်းကောင်း ထိုနေရာသို့လိုက်လာခဲ့လေ၏။

သူ့အား ဘယ်သူမှ သတိမထားလိုက်မိကြ။

ကိုဘမင်းနှင့် မြွေကြီး၏ အဖြစ်ကိုသာ အာရုံစိုက်နေကြချိန် ဖြစ်လေသည်။

ကိုဘမင်းသည် ...

လက်ထဲဓားရောက်သည်နှင့်

အသေအချာချိန်ရွယ်ကာ မြွေကြီးတည့်တည့်သို့

လက်မောင်းတစ်ခုလုံး အားကိုသုံးလျက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ လှမ်းပစ်လိုက်လေတော့သည်။

ထိုအချိန်မှာပင် မြွေသည်လည်း အလွန်အံ့ဩစရာကောင်းသော အပြုအမူတစ်ရပ်အား ပြုမူလိုက်ခဲ့လေ၏။

ဒီလောက်အဝေးကြီး …

ဘယ်လိုမှ လှမ်းမမှီနိုင်မှန်းသိသာလျက်က ကိုဘမင်းအား လှမ်းပေါက်လိုက်ခြင်းဖြစ်လေသည်။ ပေါက်သည်မှ တကယ်ကို အသွိုးတကြီးအားပြင်းပြင်း၊ ဇောမာန်အပြည့်ဖြင့် အရှိန်ယူလွဲပေါက်လိုက်ခြင်းဖြစ်လေ၏။

လေထုအား ထိုးခွဲ၍

ပြေးလွှားသွားသော ဓားသည် မြွေဆီ တည့်တည့်ဖြတ်အဝင် မြွေကလည်း ဒေါသတကြီးလှမ်း၍ အပေါက်။

မြက်ပင်တစ်ပင်အားခါးလည်မှ တိကနဲပိုင်းဖြတ်လိုက်သလို မြွေကိုယ် ထက်ပိုင်းဖြစ်၍သွားသည်။ အောက်တစ်ပိုင်းသည် မချိမဆန့်တွန့်လိမ်ကာ မြေပေါ်



ကျန်ရစ်၏။

အပေါ်တစ်ပိုင်းကတော့ …

လှမ်းအပေါက်လွဲယမ်းလိုက်သော အရှိန်ကိုခါးလည်မှပိုင်းကာ ဓားက အားဖြည့်ပေးလိုက်သည့်နှယ်။

မြွေခေါင်းပြတ်ကြီး လွင့်ထွက်လာလေတော့၏။ အစွယ်တစ်ဖွေးဖွေး အဆိပ်အပြည့်သယ်ဆောင်လျက်၊ ကိုဘမင်း၏တည့်တည့်သို့ … ။

ကိုဘမင်းကလည်း အတော်ကို လျင်မြန်လှပါသည်။ မြွေခေါင်းကြီးပြတ်ကာ သူ့ဆီလွင့်လာမှန်းသိသည်နှင့် ဖျပ်ကနဲခေါင်းငုံ့ချကာ ရှောင်ပေးလိုက်၏။

တကယ့်ကို သီသီကလေးဖြစ်သည်။ အစွယ်တဖွားဖွားမြွေခေါင်းပြတ်ကြီးသည် သူ့ဦးခေါင်းထက်မှ ပွတ်ကပ်ဖြတ်သန်း၍သွား၏။ ခေါင်းဦးရေပြားများအား ထိခတ်သွားသည့်နှယ်ပင် ခံစားလိုက်ရသည်။

လွတ်သွားမှန်းသိမှ ကိုဘမင်း သက်ပြင်းချမိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်းပင် သူ့နောက်ဘက်ဆီမှ "အား" ကနဲ အော်သံနက်ကြီးကို ကြားလိုက်ရလေတော့သည်။

✸





ကဲဆိုးရွာသည်ဟုပင် ပြောရပေတော့မည်။

မောင်ဘဝင်းသည် ကိုဘမင်းနောက်ဘက် တည့်တည့်သို့ လျှောက်လာခြင်းဖြစ်သည်။

သူက သူ့အစ်ကိုကို ချစ်လည်းချစ်၊ အားလည်း ကိုးသည်မို့ အမြဲလို အစ်ကို့နောက်ကျောဘက်မှ ကွယ်ဝှက်ကာနေနေကျ။ ဘာထိတ်လန့်စရာကြုံကြုံ သူ့အစ်ကိုကြီးက ရှေ့မှ မားမားမတ်မတ်ရပ်ကာ ကာကွယ်ပေးတတ်မြဲ မဟုတ်လား။

ယခုလည်း စိတ်ထဲ ထိတ်လန့်မိသလိုမို့ သူ့အစ်ကို နောက်ကျောတည့်တည့်သို့ တမင်လာခဲ့ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုစဉ်မှာပင် သူလည်း ကိုဘမင်းနောက်ကျော အရောက် ...

လွင့်ထွက်လာသော မြွေခေါင်းပြတ်ကြီးအား ကိုဘမင်းက ခေါင်းငုံ့ရှောင်လိုက်ချိန်ဖြစ်နေခဲ့သည်။

ဒီတော့ မြွေခေါင်းပြတ်ကြီးမှာ မောင်ဘဝင်းဆီ တည့်တည့်သို့။

ဘယ်လောက်တောင် ဒေါမာန်ကြီးသွားခဲ့သည် မသိ။ မြွေခေါင်းပြတ်သည် သူဝင်တိုးမိရာကို မလွှတ်တမ်း ကိုက်ခဲလေတော့သည်။

သူ ဝင်တိုးမိရာမှာ မောင်ဘဝင်း၏ လည်မျို တည့်တည့်ဖြစ်နေခဲ့ပါလေ၏။

အသံနက်ကြီးဖြင့် ...

အားကနဲတစ်ချက်သာအော်နိုင်ပြီး မောင်ဘဝင်း တုံးကနဲ လဲကျသွားသည်။ ချက်ချင်းလူတွေ သူ့အနား ဝိုင်းအုံလာကြ၏။

မြွေခေါင်းပြတ်ကို မောင်ဘဝင်းလည်မျိုမှ



အတင်းဆွဲချွတ်ကြလေသည်။ သို့သော် မှန်ပြင်းစွာခဲထားလိုက်သည်မှာ လည်မြိုထုတ်ချင်းပေါက်၏။

ယောက်ျားကြီးများက ဓားနှောင့်တွေနဲ့ ကလန့်၊ ချွေးဒီးဒီးကျအောင် အားထုတ်ရပြီး၊ နောက်ဆုံး မောင်ဘဝင်း အသားများ စုတ်ပြဲပါသွားမှသာ မြွေခေါင်း ကျွတ်ထွက်နိုင်တော့သည်။

သို့သော် ...

ထိုထက် အစောကြီးကတည်းကပင် မောင် ဘဝင်းခမျာ အသက်ကုန်ပြီးနှင့်လေပြီ။

မျက်လုံးကြီး ပြူးကျယ်ကာ ပြင်းထန်စွာသော ထိတ်လန့်ကြောက်ရွံ့မှုကိုခံစားရင်း မချိမဆန့်သေဆုံးသွား ရှာသော ညီငယ်အားကြည့်ကာ ကိုဘမင်းမှာ သိစိတ် ကွယ်ပျောက်သွားသူတစ်ယောက်ပမာ ကြောင်ကြောင် ကြီး ဖြစ်သွားခဲ့လေတော့၏။

အနောက်ဘက်ဆီတွင်တော့ မီးလျှံများကအရှိန် အင်အားပြင်းစွာ လောင်မြိုက်နေဆဲ။ တွန့်လိမ်ရုန်းကန် ရင်း မချိမဆန့်ခန္ဓာတွေ ကျွမ်းမြိုက်သေဆုံးကြ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မြွေသိုက်ကြီး၏ ငရဲပွက်သည့်နယ်အဖြစ်အား ကျောနိုင်းကာ ကိုဘမင်းမှာလည်း ညီငယ်၏ အလောင်းကို တင်းတင်းပွေ့ဖက်ရင်း ရူးသွပ်သွားသူ တစ်ယောက်လို သူတို့အိမ်အဆောက်အဦရှိရာဆီ အပြေး ပြန်ခဲ့မိလေတော့သည်။

လူစုကြီးမှာ စိတ်မကောင်းစွာ ကိုဘမင်းအား ထိန်းသိမ်းဖေးမရင်း လိုက်ပါလာခဲ့ကြ၏။

အားလုံး အသံတိတ်ငြိမ်လျက် ဘယ်သူမှ စကားမဆိုနိုင်ခဲ့ကြ။ ဤသည်ပင်လျှင် နောက်ထပ်လာ လိမ့်ဦးမည်ဖြစ်သော သွေးပျက်ဖွယ်အဖြစ်များ၏ အစ ဖြစ်နေခဲ့ခြင်းကိုတော့ သူတို့အားလုံး ထိုစဉ်က လုံး၀ မတွေးတောမိခဲ့ကြပါချေ။



မီးလောင်မြေအဖြစ် ပြောင်းလဲသွားခဲ့သော မြွေသိုက်မှ လူ အားလုံးပြန်သွားကြပြီးသောအချိန်နောက်ပိုင်းတွင် ညမှောင်ရိပ်ကျရောက်သောအခါ မြွေနှစ်ကောင်သည် ထိုနေရာသို့ ဆိုက်ရောက်လာခဲ့လေ၏။

အထီးနှင့်အမတစ်စုံ မြွေကြီးများဖြစ်၏။

နဝိုတုန်းက မြွေသိုက်ထဲမှာမရှိသည်မို့ ထိုနှစ်ကောင်မှာ အန္တရာယ်မှလွတ်ကင်းသွားရခြင်းဖြစ်လေသည်။

မြေပြင်တနံတလျား မြင်မကောင်းအောင်သေဆုံးလျက် တွန့်လိမ် မဲညစ်နေသော မီးကျွမ်းခန္ဓာကိုယ်များအားကြည့်ကာ ပါးပြင်ကြီး တထောင်ထောင်ဖြန့်နေပုံမှာ လူများစိတ်မကောင်းဖြစ်နေသလို အပြုအမူမျိုးနှင့်ဆင်လှလေသည်။ သို့မဟုတ်ပါကလည်း ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေသလိုလို။

မီးလောင်မြေတလျှောက် လျှောတိုက်ရွေ့သွားရင်း မြွေမသည် တစ်နေရာအရောက်၌ ရုတ်တရက် ရပ်တန့်လိုက်လေ၏။ ယင်း ရပ်တန့်ရာမှာတော့ မြွေဥခေါင်းပြွတ်ကြီးတစ်ခု။ မောင်ဘ၀င်း၏ လည်မြိုတို မလွတ်တမ်းခဲထားခဲ့ပြီး လူတွေအပြောကြီးပိုင်းဖြတ်ခဲ့ရတာ လွှင့်ပစ်ထားခဲ့သော မြွေခေါင်းပြတ်ကြီးဖြစ်လေသည်။

မြွေထီးသည်လည်း ထိုနေရာသို့ မကြာမီ၀င် ရောက်ရှိလာခဲ့ပါလေ၏။

သူတို့ ကြည့်ရှုနေရာတည့်တည့်တွင် မြွေခေါင်းပြတ်ကြီး၏ သေးငယ်မာန်ပြင်းသော မျက်လုံးအစုံမှာ ပွင့်လျက်သား။ ယင်းမျက်လုံးများထဲမှ အရိပ်အယောင်တစ်မျိုး ယှက်ဖြာလျက်ရှိလေ၏။ မြွေထီး မြွေမတို့က ထိုမျက်လုံးငယ်ထဲမှ အရိပ်အယောင်တို့အား အလေးအချာကြည့်ရှုမှတ်သားနေဘိသကဲ့သို့ ပြုနေလေသည်မှာ အချိန်အတော်အကြာကြီး ၀င်ရိုစ်ပါလေသည်။

www.burmeseclassic.com



[အတိတ် - ၂]

မောင်ဘဝင်း အသုဘရက်လည်သောနေ့မှာပင် ပြဿနာပေါ်ခြင်းဖြစ်လေ၏။

ထိုနေ့ညက ...

သူတို့အားလုံး အတော်သောက်ဖြစ်ခဲ့ကြသည်။ ကိုဘမင်းကိုယ်နှိုက်က ညီငယ်သေဆုံးခဲ့သည့်နေ့က တည်းက စိတ်ညစ်ညစ်ဖြင့် အရက်နှင့် ပါးစပ်မပြတ် တမ်းရှိနေပြီကိုး။

မူးမူးရူးရူးဖြင့် ကိုဘမင်းက မကျေမချမ်းစကား တွေလည်း အများကြီး လျှောက်ပြောသည်။



"ဒီ မြွေစုတ် မြွေပဲ့တွေ ငါ့ညီကို သတ်တာ လုံးဝမကျေနပ်ဘူး၊ ဒီနေ့ကစပြီး မြွေတွေဟာ ငါ့ကို အကြီးဆုံးရန်သူလို့သာ မှတ်လိုက် ပေ တော့၊ မြွေမှန်သမျှ ကမ္ဘာမကျေဘဲ တွေ့ရာ သင်္ချိုင်း မားမဆိုင်းဘဲ သတ်မယ်၊ မြွေမျိုးပြုတ် အောင်ကို သတ်ရမယ်"

ပြောလည်းပြော လက်ကလည်း မားတစ် ချောင်းဖြင့် ခုတ်ပိုင်းသည့်ဟန် ရွယ်ပြလိုက်သေး၏။ သူ့ကို တားမြစ်မည့်သူမရှိ။ အားလုံးမူးရူးနေကြသည် ကိုး။

တစ်ချို့ကလည်း ဆရာဖြစ်သူ အားရအောင်ပင် 'ဟုတ်တယ်၊ ကောင်းတယ်' စသဖြင့် သံယောင်လိုက် ထောက်ခံကြချေသေး၏။

ကိုဘမင်းအဖို့မူ မူးလာလေလေ သွေးက ပိုကြွ လာလေလေ။ သူ့ညီအား သတိရလို့ဆိုကာ ထငိုသည် လည်းပြုလေ၏။ ထို့နောက်ချက်ချင်းအံပြန်ကြိတ်ရင်း တော့ထဲဝင်ကာ တွေသမျှမြွေတွေကို အခုပဲ သွားသတ်

www.burmeseclassic.com



တော့မည်တကဲကဲလုပ်ပြန်၍ လူတွေဝိုင်းဆွဲထားရလေသည်။

ပါးစပ်ကလည်း အယုတ္တ၊ အနတ္တတွေ အကုန်ထွက်၏။ ဆဲလိုက်ဆိုလိုက်တာကလည်း မိုးကို မွှန်လို့။ စိတ်ထဲပေါ်သမျှ အကုန်ဆဲဆို၏။ မြွေတွေလည်းပါသည်။ သူ့တပည့်တွေလည်းပါ၏။ ရပ်တော်ရှင် ရွာတော်ရှင် တွေပါမချန်။ အသံနက်ကြီးနှင့် ကော်ဆဲနေလေတော့သည်။

နောက်ဆုံး ညဥ့်တော်တော်နက်ချိန် လူလည်းမောသွားမှပင် သူ့အိပ်ပျော်သွားလေတော့သည်။

ထိုအချိန်မှာ အားလုံးမူးနေကြပြီဖြစ်၍

အကုန် ပိုးလိုးပက်လက် အိပ်ပျော်ကုန်ကြလေပြီ။ အိမ်ရှေ့ဘက် ကွက်ပျစ်ပေါ်မှာပင် သတိကင်းလွတ်စွာ တခူးတခေါ်ခေါ်အိပ်မောကျကုန်ကြလေ၏။

ဟောက်သူ၊ သွားကြိတ်သူ၊ ဟိုဒီလူးလွန့်နေသူတို့ဖြင့် အသံမျိုးစုံလင်လျက်။

အားလုံး အိပ်မောကျသွားကြပြီး မကြာမီမှာပင်



အပြင်ဘက် အမှောင်ထုထဲမှတစ်စုံတစ်ရာသည် သူတို့ လူအုပ်နားအနီးသို့ တရွေ့ရွေ့ချဥ်းကပ်လာခဲ့ပါလေတော့၏။

မြေပေါ် တဖြည်းဖြည်းတွန့်ခေါက်ရွေ့လျားလာသော ထိုအရာမှာ ညင်သာလွန်းသောကြောင့် ရုတ်တရက် မမြင်နိုင်။ အားလုံးမှာလည်း မူးယစ်အိပ်ပျော်နေသောကြောင့် ထိုအရာများအဖို့ လှုပ်ရှားရပိုကောင်းနေလေတော့သည်။

မြွေနှစ်ကောင် ဖြစ်လေ၏။

မြေပြင်ပေါ်တွင် ဘေးတိုက်တွန့်ခေါက်ရွေ့တိုးလာရင်း တဖြည်းဖြည်း လူတွေနားရောက်လာခဲ့လေ၏။

တစ်ကောင်မှာ မြွေထီးဖြစ်၍ နောက်တစ်ကောင်မှာ အစ်မဖြစ်သည်။

လူတွေအနားရောက်သောအခါ မြွေထီးက ရပ်တန့်လိုက်ကာ ပါးပြင်ကြီးထောင်၍ ဘေးဘီဝဲယာသို့ ရှုးစမ်းသလို ပြုလေ၏။ လူတွေမှာ တခူးခူးတခေါ်ခေါ် အတုံးအရုံး အိပ်ပျော်နေကြဆဲ။

www.burmeseclassic.com

www.burmeseclassic.com



မြွေမကတော့ လူတွေအိပ်ပျော်နေရာအကြားသို့ပင် တိုးဝင်သွားခဲ့လေ၏။ အချင်းချင်း ခွလက် ပူးကပ်လျက် အိပ်ပျော်နေကြသော ခြေထောက်များပေါ်မှ မြွေမ ရွေ့လျားဖြတ်သန်းသွားသည်။

ဘယ်သူမှ နိုးမလာ။

မြွေထီးကတော့ သိပ်အတင့်မရဲပဲ အခြေအနေကို စူးစမ်းနေဆဲ။

လူတစ်ယောက်၏ ခြေသလုံးပေါ် မြွေမ,ဖြတ်သွားစဉ်၌ ထိုလူက ယားသလို လူးလွန့်လိုက်လေသည်။ သူ့ကိုယ်ပေါ်မှ မြွေမ,ပြုတ်ကျသွား၏။

ထို့နောက် ယောင်ယမ်းကာ ထိုလူ၏ ခြေထောက်က မြွေမအား လှမ်းကန်လိုက်လေတော့သည်။ ရုတ်တရက်မို့ မြွေမ အဝေးသို့လွင့်ထွက်သွား၏။

သို့သော် …

ကျလေရာတွင်ပင် ချက်ချင်းခေါင်းထောင်ထကာ ပါးပြင်းကြီးထောင်ထလျက် တရှူးရှူးတရှဲရှဲဖြစ်သွားလေတော့၏။



မြွေထီးသည်လည်း မြွေမအတိုင်းလိုက်ကာ ရှူးရှူးရှားရှားဖြစ်သွားခဲ့သည်။

ထို့နောက် …

နှစ်ကောင်လုံးပင်

ပါးပြင်းကြီးများ ခွက်နေအောင်ထောင်ထကာ မာန်ပါပါ အသင့်ပြင်ကြရင်း သေးငယ်သော မျက်လုံးလေးများက အရှိန်အင်အားပြင်းစွာ စူးရှလာခဲ့လျက် နှစ်ကောင်လုံး တပြိုင်တည်း ရှေ့တိုးလိုက်ကြလေတော့သည်။

သို့သော် အိပ်ပျော်နေသူတို့မှာတော့ ခုချိန်ထိ ဆက်လက်အိပ်မောကျကောင်းနေဆဲဖြစ်ကာ ထိုအဖြစ်များအား …

သူတို့ ဘယ်သူမှ မသိလိုက်ကြပါချေ။

ထိုသို့ မသိလိုက်သည့်အတွက်လည်း သူတို့ကံဆိုးသွားရခြင်း ဖြစ်ပါလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ အတော်နေမြင့်မှပင် သူတို့ အိပ်ရာမှ နိုးကြသည်။ သို့သော် လူနှစ်ဦးမှာတော့ မနိုးထသေးဘဲ ရှိနေဆဲ။

ကိုဖိုးတုတ်က ထိုအဖြစ်အား သတိပြုမိလိုက်လေသည်။

"ဒီကောင်တွေ အအိပ်ကြီးလှချေလား"

ဟု ရေရွတ်ကာ ထိုနှစ်ယာက်အနား လျှောက်လာခဲ့လိုက်လေတော့၏။ သူ အနားရောက်သည်အထိလည်း ထိုနှစ်ယောက်သားကတော့ အိပ်ကောင်းနေဆဲ။

သို့သော် သူတို့ထံမှ အသက်ရှူသံကိုမျှ မကြား



ရသည့်အတွက် ကိုဖိုးတုတ် အနည်းငယ်တော့ အံ့သြမိလေသည်။

"ဟေ့ကောင်တွေ ထစမ်းကွာ၊ ဒီအချိန်ထိ အိပ်နေရလား တကယ်ပဲ"

ပါးစပ်က ပြောလည်းပြော။ အိပ်နေသော တစ်ယောက်၏ ခန္ဓာကိုယ်အောက်ပိုင်းကို ခြေဖြင့်လည်း လှမ်း၍ကန်လိုက်လေသည်။

သို့သော် တုတ်တုတ်မျှမလှုပ်။

ကိုဖိုးတုတ်မှ လက်ဖြင့် ယင်း၏ ပခုံးအား ဆွဲကိုင်လှုပ်ယမ်းရင်း နှိုးလေတော့သည်။

သို့သော် ...

ထိုလူ၏ ခန္ဓာကိုယ်မှာ ပျော့ပြောင်းစွာ တစ်ဘက်သို့ စောင်းကျသွားသည်ကြောင့် ...

သတ္တိကောင်းသော ကိုဖိုးတုတ်သည်ပင်

'ဟာ' ကနဲ

အာမေဋိတ်သံကျယ်ကြီးကို ပြုမိလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနားသို့ လူတွေ ချက်ချင်းဝိုင်းအုံလာကြလေ၏။

"ဘာဖြစ်တာလဲ"

ကိုဘမင်းက လှမ်းမေးလိုက်သည်။ ကိုဖိုးတုတ်မှာ ပြုံးကျယ်ဝိုင်းစက်သွားသော မျက်လုံးအစုံကို လဲကျနေသူများထံမှ မလွှဲနိုင်သေးပဲ ထိုသူများသို့ လက်ညှိုးထိုးပြ၍ တုန်ယင်စွာ ပြောလိုက်လေတော့သည်။

"သူတို့ … သေနေပြီထင်တယ်"

"ဟာ"

"ဟင်"

"အို"



အာမေဋိတ်သံတွေ ညံ၍သွားသည်။ မကြာသေးမီ ရက်ပိုင်းလေးကတင် သူတို့ထဲက မောင်ဘဝင်း သေဆုံးထားခဲ့တာ မဟုတ်လား။

ကိုဘမင်းက အံကို တင်းတင်းကြိတ်လိုက်သည်။

"သူတို့ ဘာကြောင့်သေသွားရတာလဲ"

တီးတိုး ငြီးငြူသလိုလို မေးမြန်းသလိုလိုဖြင့် မပီမသထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဖိုးတုတ်က လဲကျနေသူများ၏ ခြေသလုံးများဆီ လက်ညှိုးညွှန်ပြလိုက်လေ၏။ ခြေသလုံးသားများပေါ်တွင် အပေါက်ရာလေးနှစ်ခုစီက အထင်းသား။ ထိုအပေါက်ရာများမှ ညိုမည်းသောသွေးများလည်း ယိုစီးကျထားလေ၏။

ကိုဘမင်းဆီမှ သတ္တဝါတစ်ကောင် နာကျင်ဒါဏ်ရာရသွားသလိုအသံမျိုး ထွက်ပေါ်လာလေ၏။

"မြွေစွယ်ရာ …"

လူတွေအကုန် ပို၍ လှုပ်လှုပ်ရှုရှုဖြစ်ကုန်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"မြွေကိုက်သွားတာတဲ့"

ဟူသော တီးတိုးသံများ ကြွက်စီကြွက်စီဖြစ်သွားကြလေသည်။ တစ်ချို့ကလည်း နားမလည်နိုင်ဖြစ်ကြသည်။

"မြွေက ဘာလို့ အိမ်ထဲအထိ ဝင်ကိုက်ရသလဲ"

ဘယ်သူမှ အဖြေမပေးနိုင်ခဲ့ကြ။ ကိုဘမင်းကတော့ အံ့ကြိတ်လျက်သားမှ မျက်နှာကြီး နီမြန်းကာ အာခါင်ခြစ် ကျိုးဝါးလိုက်လေသည်။

"တောက် ဒီမြွေစုတ်မြွေပုံတွေ တွေ့ကြသေးတာပေါ့ကွာ"



[အတိတ် - ၃]

ယခုပါနှင့်ဆိုလျှင် သူတို့အိမ်နေရာဝန်းကျင်အား အလှည့်ကျစောင့်ကြည့်နေကြသည်မှာ တစ်ပတ်ခန့်ကြာမြင့်ခဲ့လေပြီ။

ကြာတော့ ပေါ့လျော့ချင်သလိုပင် ဖြစ်လာကြ၏။ မြွေတွေကို ဒီလောက်စောင့်ကြည့်နေဖို့လိုလို့လား ... ဟု ထင်ချင်လာမိကြ၏။ ဖိုးတုတ်ကပင် ...

"ဟိုတစ်နေ့ကသာ အခန့်မသင့်လို့ရောက်လာပေမယ့် နောက်ထပ်တော့ ဒီမြွေတွေ လာမှာမဟုတ်တော့ပါဘူးကွာ"

ဟု ဆိုလာလေသည်။ သို့သော် ကိုဘမင်းက စောင့်ခိုင်းထားသဖြင့်သာ သူကြောက်၍ ဆက်စောင့်နေခဲ့ကြခြင်း ဖြစ်ပါလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ထိုညသည် အတော်ပင် မှောင်မိုက်နေသောည ဖြစ်ပါလေသည်။ သို့သော် အဆီအငေါ်မတည့်လှစွာပင် ထိုညမှာ လပြည့်ညလည်း ဖြစ်၍နေပြန်လေသည်။

လမင်းက သာချင်ပါသော်လည်း တိမ်သလ္လာများဖုံးလွှမ်းနေသဖြင့် လောကတစ်ခွင်မှာ အလင်းရောင် အပြည့်အဝမရဘဲ ဖြစ်နေရရှာ၏။

မြင်လေရာရာ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှိန်ဖျော့ဖျော့အလင်းကြောင့် ခြောက်ခြားဖွယ်အသွင်မျိုး ဆောင်လျက်ရှိ၏။

စိတ်ထင်ကြ၍လားမသိ။ အဝေးမဲလှမ်းကမ်း၌



မြင်နေရာသော မြက်ပင်ရှည်များ ခြုံပုတ်များသည်ပင် မြွေကြီးများ ပါးပြင်းထောင်လှုပ်ယမ်းနေသလို ထင်မြင်ရလေတော့သည်။

လေတိုက်ခတ်နေသံ တရှီးရှီး တရှဲရှဲကလည်း မြွေများ အော်ဟစ်မြည်တွန်နေသကဲ့သို့။ ကြားရသူတိုင်းမှာ သွေးကြောထဲကစိမ့်သွားသလို ခံစားမိကြသည်။

ထိုကြောင့်ပင် အားလုံးတစ်ယောက်နှင့် တစ်ယောက် စကားမဆိုမိကြ။

ကိုဘမင်းမှာ အိမ်အတွင်း၌ အိပ်၍နေလေပြီ။ ကျန်သူများက အိမ်အား ပတ်လည်လှည့်ကာ ကင်းစောင့်သလို လှည့်ပတ်နေကြလေ၏။ သူတို့ တိတ်ဆိတ်စွာ လှည့်ပတ်လျှောက်နေပုံကပင် ညအမှောင်၌ သချိုင်းမှ အသေကောင်ကြီးများ ဖုတ်ဝင်လျှောက်လှမ်းနေသည့်နှယ် ထင်ရပါလေတော့သည်။

ထိုအချိန်မှာပင် လျှို့ဝှက်တိတ်ဆိတ်သော တစ်စုံတစ်ရာသည် သူတို့ထံသို့ တိတ်ဆိတ်စွာ ချဉ်းကပ်၍ လာခဲ့ချေပြီ။ သူတို့ကတော့ ဘယ်သူမှ သတိမပြုမိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာသည် ခြုံပုတ်များမှ ထွက်ကာ မှောင်ရိပ်ကျသော နေရာများတလျှောက်။ ထို့နောက် အိမ်ဝင်းအနီး လူများလျှောက်လှမ်းနေရာဆီသို့ …

အသံလုံစွာ ပြီးတော့ လျှင်မြန်စွာ
တဆင်းချင်းချဉ်းကပ်၍ လာလေတော့၏။

✸

မြွေဝင်လာသည်အား ပထမဆုံး စမြင်လိုက်သည်မှာ ကိုဒေါင်းမွှန်ဖြစ်သည်။

သို့သော် …

သူမြင်လိုက်သောအချိန်မှာ အတော့်ကို နောက်ကျနေခဲ့လေပြီ။

မြွေက …

သူတို့အဖွဲ့သားတစ်ဦး၏ ခြေထောက်အနီးသို့ ရောက်ရှိလာချိန်မှပင် သူတွေ့လိုက်မိခြင်းဖြစ်၏။

"ဟင်"

ဟူသော အထိတ်တလန့် အသံနှင့်အတူ



ရုတ်တရက် ကြောင်အမ်းသွားမိသည်။ မြွေသည်အတော့်ကိုရဲတင်းစွာ ရွေ့လျား တိုးဝင်လာခြင်းဖြစ်၏။

တဒင်္ဂအတွင်းမှာပင် အံ့အားသင့်သွားသော သူ့မျက်နှာကို ကြည့်ကာ မြွေအနားရောက်နေသည့်လူက လှမ်းမေး၏။

"ကိုဒေါင်းမွှန် ဘာဖြစ်တာလဲဗျ"

ကိုဒေါင်းမွှန် ပါးစပ်က စကားမပြောနိုင်။ မြွေတစ်ကောင်အား အနီးကပ်မြင်ရသည်မှာ အသည်းယားစရာကောင်းလှတော့သည်။

ပျော့တွဲတွဲ ရှည်မျောမျောခန္ဓာကိုယ်။ အရိုင်းဆန်သော မျက်ပေါက်ကျဉ်းကျဉ်းကလေးများ။ ငြိမ်သက်၍ မာန်ပါသော လှုပ်ရှားမှု။ လျှာနှစ်ခွက ဖျပ်ကနဲ ထွက်လိုက် ပြန်ဝင်သွားလိုက်။ အလုံးအထည်က ခပ်တုတ်တုတ်၊ လှုပ်ရှားမှုကလည်း လျှင်မြန်လွန်းသည်။

မြွေဆီမှ ထွက်ပေါ်လာနေသည့် ထူးဆန်းသော ညှီစုတ်ကြောင့်လည်းကောင်း၊ အရမ်းနီးကပ်ပွန်းလာသော မြွေကိုကြည့်ကာ ထိုသို့ အသည်းယားနေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်းကောင်း သူရုတ်တရက် စကားမပြောနိုင်အောင် ဖြစ်သွားရခြင်းပင်။

မျက်နှာချင်းဆိုင်ရှိလူကတော့ ကိုဒေါင်းမွန်လက်ညှိုးထိုးပြသည့်နေရာသို့ ကြည့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူခြေထောက်နား အရမ်းနီးကပ်နေသောအဖြစ်ကို ချက်ချင်းနားလည်လိုက်၏။

"ဟင် !"

အာမေဋိတ်သံ တစ်ခုနှင့်အတူ သူချက်ချင်းရှောင်တိမ်းရန်ပြုသည်။ သို့သော် သူနောက်ကျသွားခဲ့၏။

မြွေက သူ့အား ပေါက်ချလိုက်လေပြီ။

နာကျင်မှုနှင့် ထိတ်လန့်မှုတို့ ပေါင်းစပ်လျက်

**'အား'** ကနဲ ...

အော်ကာ သူလဲကျသွားပြီးသည်နှင့် မြွေသည်လည်း ချက်းချင်းထိုနေရာမှ ပြန်ရှောင်ထွက်သွားလေတော့သည်။

ကိုဒေါင်းမွန်က မြွေကိုက်ခံလိုက်ရသူအား ပြေးပွေ့သည်။ ခဏချင်းပင် လူတွေ သူတို့အနားရောက်လာကြလေ၏။

"ဘာဖြစ်တာလဲ"

ဟူသောအမေးများသည် တစ်ဝက်တစ်ပြက်မှာပင် ရပ်တန့်သွားကြလေ၏။

ဖျပ်လတ်သူတစ်ချို့က ဘေးဝဲယာသို့လှမ်း၍ကြည့်လိုက်သည်။ ချုံပုတ်တစ်ခုအတွင်းသို့ တိုးဝင်သွားသော မြွေ၏ အမြီးပိုင်းအစွန်းအစကိုသာ မြင်တွေ့လိုက်ရ၏။

မိရာပစ္စည်းဖြင့် လှမ်းပေါက်ကြသည်။

သို့သော် မမီလိုက်တော့။

မြွေကိုက်ခံလိုက်ရသူအား ပြန်ကြည့်စဉ်မှာတော့ အသက်ငင်၍နေလေပြီ။

တောက်ခေါက်သူက ခေါက်သည်။ ကိုဒေါင်းမွန်က သတိတရနှင့်

"ကိုဘမင်းကို သွားအကြောင်းကြားလိုက်ဦး"

သို့သော် သူတို့သွားရန်မလိုတော့ပါ။ ကိုဘမင်းမှာ အိမ်ထဲက ထွက်လာခဲ့လေပြီ။ လက်ထဲတွင် မှိန်းလို



www.burmeseclassic.com

www.burmeseclassic.com



အရိုးရှည်ဘပ် ခက်ရင်းခွတစ်ချောင်းနှင့်။ ပါးစပမှလည်း တီးတိုးရေရွတ်ကာ လာ၏။

''ငါထင်တယ် ဒါကြောင့် သတိဝီရိယထားနေ တာ၊ ဒီသောက် ဝီရိယထားနေတဲ့ကြားထဲကမှ ကွာ၊ တောက် ! ''

ကိုဘမင်းက လဲကျနေသူဆီ တစ်ချက်လှမ်း ကြည့်သည်။ ထို့နောက် မြွေဝင်သွားသော ချုံပုတ်ဆီ ဦးတည်လိုက်၏။

''ဟို မြွေစုတ် အဲဒီထဲ ဝင်သွားတာလား''

''ဟုတ် ဟုတ်တယ်ဆရာ''

သို့သော် ...

ကိုဘမင်း၏ ခြေလှမ်းများ ခြုံပုတ်ဆီ အနည်း ငယ် လှမ်းလိုက်အပြီးမှာပင် အိမ်၏တခြားဘက်ခြမ်းဆီ မှ ...

'**အား**' ကနဲ ...

အော်သံတစ်ခုကို ထပ်မံကြားလိုက်ရလေတော့ သည်။ အားလုံး အထိတ်တလန့်ဖြင့် ကြက်သီးမွေးညှင်း



ထကာ ခေါင်းများထောင်သွားကြ၏။ ကိုဘမင်းက နောက်လှည့်လာသည်။

''အိမ်နောက်ဘက်မှာ စောင့်နေတဲ့ ဖိုးတုတ်ကို ဆီက ထင်တယ်၊ တစ်ယောက်က အဲဒီဘက် ကို ပြေးကြည့်စမ်း၊ ကျန်တဲ့သူတွေကမြွေကိုက် ခံရတဲ့ ကောင်ကို ဆေးရုံပို့ဖို့လုပ်''

သူကတော့ ခြုံပုတ်ဆီ ဆက်လက်ဦးတည်သွား နေလေ၏။ ကျန်သူတွေက မြွေကိုက်ခံလားရသူကို ပွေ့ယူကြသည်။ ထမ်းဖို့ အဝတ်ပြင်သူပြင်၊ အလုပ်ရှုပ် ရှုပ်ကန်ကြ၏။

သို့သော် မြွေကိုက်ခံထားရသူမှာ မျက်ဖြူဆိုက် နေလေပြီ။

မြွေက ဘယ်လောက်တောင် အဆိပ်ပြင်းသည် မသိ။ ပြီးတော့ အဆိပ်ဘယ်လောက်ဝင်အောင်ကော ကိုက်လိုက်လေသည် မသိ။

ကိုဒေါင်းမွန်က ... မရလောက်တော့ဘူးထင် တယ် ... ဟု ကိုဘမင်းဆီလှမ်းပြောရန်မော့လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ်မှာပင် ကိုဘမင်း ခြုံပုတ်ထဲတိုးဝင်သွားသည်ကို မြင်လိုက်ရလေသည်။

သူ့ခြေထောက်မှာ လည်ရှည်သားရေဘွတ်ဖိနပ်ကြီး စီးထားသည်ကို မြင်ရ၏။ ဒီတိုင်းဆို ဘာအန္တရာယ်မှ မရှိလောက်ပါဘူးဟု ထင်မိသည်။

ထိုနှင့် တဆက်တည်းပင် တစ်နေရာသို့ မျက်လုံးအကြည့်က ရောက်သွားခဲ့လေ၏။

နက်မှောင်ရှည်လျားသော အရာဝတ္ထုတစ်ခု။ အဝေးမှ အလျင်အမြန်လာနေလေသည်။

သဲသဲကွဲကွဲ သေချာကြည့်သောအခါ မြွေတစ်ကောင်ဖြစ်နေမှန်းသိ၏။ ကိုဖိုးတုတ်တို့ ဘက်မှ ကိုက်ပြီးပြေးလာသော မြွေဖြစ်မည်။

ထိုမြွေက ခြုံပုတ်ထဲ ဦးမတည်။ ခြုံပုတ်နံဘေးမှလမ်းတွင် သစ်ပင်တစ်ပင်ရှိ၏။ ထိုသစ်ပင်ဆီသို့ ဦးတည် ရွေ့လားလာသည်ကို တွေ့လိုက်သည်။

မြွေလှုပ်ရှားပုံကလည်း မြန်လိုက်သည့်ဖြစ်ချင်း။ ခဏတွင်းချင်းပင် သစ်ပင်အနီးသို့ရောက်သွားသည်ကို တွေ့၏။



ကိုဘမင်းမှာ ခြုံပုတ်တွင်းသို့ ဆက်လက်တိုးဝင်နေဆဲ။ ခြေလှမ်းကို ခေတ္တမျှ ရပ်တန့်လိုက်သည်ကိုလည်းတွေ့သည်။ ထိုနောက် .. တစ်စုံတစ်ခုအားတွေ့လိုက်သလို လက်ခက်ရင်းခွရှည်ကိုလည်း ဆတ်ကနဲ ထိုးချလိုက်လေ၏။

လွဲသွားပုံရသည်။

'ဟာ' ခနဲ အော်လိုက်သံကို ကြားရ၏။နောက်ထပ်တစ်ချက်ထိုးရန် ပြန်ချိန်ရွယ်နေပြန်လေသည်။

ထိုစဉ်မှာပင် ဟိုမြွေမှာ သစ်ပင်ပေါ်သို့ စတက်နေလေပြီ။

ထိုသစ်ပင်တွင် အကိုင်းများစွာ ဖြာနေကြသည်ကို တွေ့၏။ ထိုသစ်ပင်၏ အကိုင်းတစ်ခုမှာ ကိုဘမင်းရှိနေရာ ခြုံပုတ်အနီးသို့ ဖြာဆင်းနေသည်ကိုလည်း သတိပြုလိုက်မိလေရာ။

ကိုဒေါင်းမွန်မှာ ဆတ်ကနဲ ထရပ်လိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိထား"

ကိုဘမင်းကို လှမ်းအော်၏။ ကြားပုံမပေါ်။ ရှေ့တွင် မဲနေလေပြီ။ ကြားလျှင်သော်မှလည်း ကိုဘမင်း၏ စိတ်ဓာတ်အရ ခုအချိန်ဘာကိုမှ ဂရုစိုက်တော့မည့်ပုံ မပေါ်ပါချေ။ သူ့အာရုံတွင် တစ်ခုတည်းရှိနေမည်က ရှေ့ခြုံပုတ်ထဲမှာမြင်နေရသည့် မြွေကို မရအရသတ်ရေး သာဖြစ်ပေမည်။

ကိုဒေါင်းမွန်သည် ထိုနေရာသို့ ချက်ချင်း ထ လိုက်သွား၏။ သစ်ပင်တက်နေသော မြွေက အတော် ခရီးရောက်နေလေပြီ။

ကိုဘမင်းကို ကာကွယ်ရမည်။ ဒီလူသည် သူ တို့ ထမင်းရှင်ဖြစ်၏။ ထိုအသိဖြင့် ကိုဒေါင်းမွန် သစ်ပင်နား တိုးဝင်သွားသည်။ မြွေမှာ အတော်ကို အသိဉာဏ်ရှိ၏။ သစ်ပင်ပေါ်မှ ဖြာထွက်နေသော အကိုင်းသို့ကူး။ ထိုအကိုင်းဖျားကို အမြီးဖြင့်ပတ်ကာ ကိုယ်ခန္ဓာအား ဆန့်တန်းလိုက်လျှင် ကိုဘမင်းရပ်နေရာ တည့်တည့်သို့ မှီနိုင်လေပြီ။ တကယ်လည်း ကိုဘမင်း



အား ပေါက်သတ်ရန် သစ်ပင်ပေါ်တက်သွားခြင်းဖြစ်ပုံရ ၏။

ကိုဒေါင်းမွန်မနေသာတော့။ သစ်ပင်အောက်မှာ အသင့်တွေ့ရသော တုတ်ကလေးတစ်ချောင်းဖြင့် မြွေကို လှမ်း၍ခြောက်သည်။

"ရှူး ရှူး ဟဲ့ သွားစမ်း"

ထိုမြွေကလည်း ကိုဘမင်းအတိုင်း။ ရှေ့ကိုသာ အာရုံပြုမဲနေပြီး ဘာကိုမှ ဂရုစိုက်မိပုံမပေါ်။

မတတ်သာသည့်အဆုံး ကိုဒေါင်းမွန်မှာ လက်ထဲက တုတ်ဖြင့် သစ်ပင်ပေါ်လှမ်းပစ်လိုက်ရလေ တော့သည်။

သေသေချာချာ ချိန်ပြီး ပစ်ခြင်းဖြစ်၍ မြွေကို တည့်တည့်ထိသည်။ တစ်ဘက်သို့ အားပြုထားခြင်းဖြစ် ၍ မြွေမှာ မမြဲမြံနိုင်တော့ဘဲ သစ်ပင်ပေါ်မှ ပြုတ်ကျလာ လေတော့သည်။

သူပြုတ်ကျလာရာအောက်တည့်တည့်မှာတော့ ကိုဒေါင်းမွန်။

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံများ ဆူညံ၍သွားသည်။

ပထမဆုံး အော်သံက ကိုဘမင်းဆီမှ ဖြစ်သည်။ 'ဟား' ကနဲ မာန်သွင်းကာ ခက်ရင်းရှည်ဖြင့် လှမ်းထိုးလိုက်ခြင်းဖြစ်၏။ သူ့လက်အား နောက်ပြန်ရုတ်လိုက်သောအခါ ခက်ရင်းဖျားတွင် မြွေတစ်ကောင် ဆန့်ငင် ဆန့်ငင်ရုန်းကန်ရင်းပါလာသည်။

နောက်ထပ်အော်သံကတော့ ကျန်နေခဲ့သူများဆီမှ။ ကိုဒေါင်းမွန်ပေါ် မြွေပြုတ်ကျလာသော အဖြစ်ကို ထိတ်လန့်ကာ အော်ဟစ်ကြခြင်းဖြစ်သည်။

နောက်ဆုံးအော်သံရှင်ကတော့ ကိုဒေါင်းမွန်ကိုယ်တိုင်ပင်တည်း။ မြွေက သူ့ကိုယ်ပေါ်ကျကျခြင်းမှာပင် ကိုက်၍သွားသည်။

**'အား'** ကနဲ သူ့အော်သံကြီးက ကျီးများကိုပင် လန့်ကာပြိုစေလေတော့သည်။

ကိုဘမင်း နောက်သို့ပြန်လှည့်ကြည့်၏။ လက်ထဲက ခက်ရင်းခွအရိုးတံကိုတော့ မလွှတ်သေး။ ကိုဒေါင်းမွန်မှာ ကိုဘမင်းဘက် စိတ်မချနိုင်သလို တစ်



ချက်လှမ်းကြည့်ပြီးမှ လဲပြိုကျ၍သွားလေသည်။ သူ့ကို ကိုက်သော မြွေမှာတော့ အဝေးမှောင်ရိပ်ထဲသို့ ပြေး၍ သွားလေပြီ။

ကိုဘမင်းမျက်နှာမှာ ပြိုတော့မည့်မိုးလို အုံ့မှိုင်းကာ သွားလေ၏။ ကိုဒေါင်းမွန်က သူ့အားအကိုးရဆုံး လူယုံမဟုတ်လား။

မကြာသေးခင်ကပင် ညီဖြစ်သူအား ဆုံးရှုံးခဲ့ရသည်။ အခု အယုံကြည်ရဆုံး လက်ရုံးတစ်ဘက် ပြုတ်ပြန်လေတော့မည်။

ကိုက်သွားသည့် မြွေကိုလှမ်းကြည့်တော့လည်း ပြေးထွက်သွားသည့်မှာ ဘယ်လိုမှ လိုက်မမီလောက်တော့။

သူ့ဒေါသများက ခက်ရင်းခွမှာမိနေသော မြွေဆီသို့သာ စုပြုံကျရောက်သွားပါလေတော့သည်။

"တောက်! ကဲဟာ ကဲဟာ"

နဂိုထဲက ဆန့်တငင်ငင်ဖြစ်နေသော မြွေကို ခက်ရင်းဖြင့် ဆက်ကာ ဆက်ကာ ထိုးသည်။ မြွေမှာ

www.burmeseclassic.com

www.burmeseclassic.com



မှုန့်မှုန့်ညက်ညက် ကြေလုမတတ်။ ထိုမြွေ သေလို့မှ ပျော့ဖတ်ခွေကျသွားတော့မှ ခုနမြွေပြေးထွက်သွားသော ဘက်ဖြစ်သည့် မှောင်ရိပ်ထဲသို့ ခက်ရင်းခွမှ မြွေအသေကောင်အားလှမ်းပစ်လိုက်လေတော့သည်။

ပါးစပ်ကလည်း ကြုံးဝါးလိုက်သေး၏။

"ဟော့ဒီမှာ ကြည့်ထား၊ မင်းအဖော်လိုမျိုးပဲ မင်းလည်း စိစိညက်ညက်ကြေစေရမယ်ဟေ့"

ကိုဒေါင်းမွန်မှာ ကိုဘမင်း အန္တရာယ်ကင်းသွားသည့်အဖြစ်ကို နားလည်စွာ စိတ်ချသွားသလို မျက်လုံးများ ပိတ်ကျ၍သွားသည်။

စစချင်း မြွေကိုက်ခံခဲ့ရသူမှာတော့ သေဆုံးနေသည်မှာပင် ကြာခဲ့လေပြီ။

ကိုဘမင်းမှာ ခက်ရင်းမှိန်းရှည်အား လက်မှကိုင်ကာ လှိုက်ဖိုသော ရင်ဖြင့် မတ်မတ်ရပ်ရင်း အမှောင်တွင်းသို့ မကျေမချမ်းစိုက်ကြည့်နေဆဲ။

သူ့နောက်ဘက်မှာတော့ ...

လဲပြိုသူတို့အနီး ထွေးပွေ့သူက ထွေးပွေ့။



တစ်ချို့လည်း အသံတိတ်ကြိတ်ကာ မျက်ရည်ကျကြ။ ကြေကွဲ သက်ပြင်းချသံများနှင့်အတူ ယခုမှ ထိန်လင်းလာသော လရောင်က လူတစ်စုအား စာနာမှုကင်းစွာ ပြက်ရယ်ပြုနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန္နပွန်၏ အဆက်
သို့မဟုတ်
ရပ်တန့်မရသော ခြောက်ခြားဖွယ်



[၃]

"ဒါဆို ဖေဖေက မြွေကိုက်ခံရပြီး သေတာ ပေါ့နော်"

"အင်းပေါ့၊ အဲဒီလိုပဲ ပြောရတော့မှာပေါ့"

"ကြောက်စရာကြီးနော် သူတို့ အဖြစ်တွေက၊ သမီးကို အရင်က ဒီအကြောင်းတွေ ဘာလို့ မပြောပြတာလည်း ဟင်"

"သမီးကြောက်မှာစိုးလို့ပေါ့ကွယ်၊ အခုမှ နားထောင်နိုင်လောက်တဲ့ အရွယ်လည်းရောက်ပြီး အခန့်လည်း သင့်တာနဲ့ ပြောဖြစ်တာပေါ့"

ဖွားအေဖြစ်သူက ပန်းနွယ်အား ချစ်ခင်နှစ်လို

www.burmeseclassic.com

www.burmeseclassic.com



စွာ ပြုံးရင်းကြည့်လျက်ပြောလိုက်သည်။ ပန်းနွယ်မှာ အဖွားဒူးပေါ် လက်လေးနှစ်ဘက်မှီ မေးလေးတင်ကာ မျက်နှာလေးငယ်နေသေး၏။

တကယ်ပင် ခြောက်ခြားနေရှာမှန်းသိသည်မို့ အဖွားက သူမခေါင်းလေးအား ညင်သာဖွဖွပွတ်သပ်ပေးလိုက်လေသည်။

"ကြားရတာ ကြက်သီးထလိုက်တာ ဖွားဖွားရယ်၊ အဲဒီနောက်ကော လူတွေ ဆက်သေကြသေးသလား ဟင်"

"အင်း၊ သေတော့ … သေတယ်၊ ဒါပေမယ့် နည်းနည်းပါဘဲ၊ ဘာလို့ဆို ဘမင်းအုပ်စုမှာလဲ လူက သိပ်မကျန်တော့ဘူးကိုး"

"ဒီလို သူ့လူတွေသေတာနဲ့ပဲ သူက ကြောက်ပြီး မြို့ပြောင်းပြေးသွားတာလား ဟင်"

"အဲဒီလိုတော့ မဟုတ်ဘူး၊ ဘမင်းက ဆိုးပေမယ့် သတ္တိတော့ ကောင်းတယ်၊ သူ့လူတွေ တဖြုတ်ဖြုတ်သေကြပြီး သူကိုယ်တိုင်လည်း



အန္တရာယ်ရှိနေမှန်းသိတဲ့ကြားက ပေပြီးတော့ နေတယ်၊ နောက်ဆုံး မြို့ကသူဘကြီးဆီ သွားအကြောင်းကြားမှ မဖြစ်တော့ဘူးဆိုပြီး လာခေါ်တာ"

"ဟင် သွားအကြောင်းကြားကြတယ် ဟုတ်လား"

"ဟုတ်တယ် ဘမင်းက အတော့်ကို ရမ်းလာပြီလေ၊ ရွာမှာ မြွေတွေ ခဏခဏဝင်နေတော့ အစွဲအလန်းကြီးသူတွေက ကြောက်လာကြပြီး အနောက်ဘက်ရှင်မကို ပသကြတယ်၊လွန်ကျူးစော်ကားမိတာရှိလည်း ဝွေမယူပါနဲ့ပေါ့၊ အဲဒီပွဲမှာ ဘမင်းနဲ့ အကြီးအကျယ်ပြဿနာ ဖြစ်တော့တာပဲ"

"သူ … သူက ဘာတွေ လျှောက်လုပ်လို့လဲ ဟင်"

"ဖြစ်ချင်တော့ နတ်ဝင်သည်က တကယ်ပဲဝင်သလား၊ တမင် ဘမင်းကိုပဲ ကြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်တာလားတော့ မသိဘူး၊ နတ်ဝင်လာတဲ့အခါ ဘမင်းကိုလက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောတော့တာပဲ၊ ဘမင်းကလည်း တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှ နတ်ပွဲနားရောက်အလာသူ့အပြောခံရတော့ သိပ်စိတ်ဆိုးသွားတာပေါ့၊ တစ်ခါတည်း နတ်ရုပ်တွေရော လူတွေရော မနေရဘူး တွေ့သမျှပေါက်ခွဲဝုန်းဒိုင်းကြဲတော့တာပဲ နတ်ဝင်သည်ကိုတောင် ပါးပိတ်ရိုက်လို့ အားလုံးဝိုင်းဆွဲထားရတယ်''

''အဲဒီ နတ်ဝင်သည်က ဘယ်လိုပြောလိုက်လို့လဲ … ဟင်''

''သူကလား ဘမင်းက လက်ညှိုးကြီးငေါက်ငေါက်ထိုး စိမ်းစိမ်းကြီးကြည့်ပြီး ပြောတာအေ့ နောက်ထပ် လူတွေ အများကြီး သေဦးမယ်၊ တစ်ယောက်မှ ချမ်းသာမပေးဘူး၊ အဲဒီထဲမှာ နင်လည်း ပါတယ်၊ သတိသာ ထားပေတော့ နင် မသေမချင်း ပွဲမပြီးဘူး၊ နင် မသေမချင်း



ပွဲမပြီးဘူး … ဆိုပြီး ပြောလည်းပြော ပါးစပ်ကလည်း တဟားဟား အော်ရယ်တော့တာပဲ''

''ကြောက်စရာကြီးနော်''

တစ်ချိန်က ဖြစ်ခဲ့သည်ကို နားထောင်နေရသော်လည်း လတ်တလော တကယ်ဖြစ်နေသလိုပင် ကြားရသည်မှာ ထိတ်လန့်ဖွယ်ကောင်းလှချေသည်။

ပန်းနွယ်က အဖွားစကားအဆုံးတွင် ငြိမ်သက်သလိုလေး မှတ်ချက်ချလျက် သူမအနားတွင်အတူ နားထောင်နေသော နန်းရှင်ဆီ အဖော်ညှိသလို တစ်ချက်လှည့်ကြည့်လိုက်သည်။

သို့သော် နန်းရှင်၏ တုံ့ပြန်မှုက သူမ မျှော်လင့်ထားသလို မဟုတ်ခဲ့ပါချေ။

''ဟဲ့ နန်းရှင် ဘာဖြစ်နေတာတုန်း''

ပန်းနွယ်က ပခုံးစွန်းဖြင့် တွန်းတို့လိုက်တော့မှ နန်းရှင်အမူအရာ ပုံမှန်ဖြစ်သွားလေသည်။

''ဘာ ဘာဖြစ်လို့လဲဟင် မလေး''

''နင့် မျက်လုံးအဘွကြည့်ရတာ တစ်မျိုးဘဲ''

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား အင်း ဘာမ မဟုတ်ပါဘူး”

နန်းရှင်ဆီတွင် ထိုမျက်လုံးမျိုးအား သူမ,တစ်ခါမှ မမြင်ခဲ့ဘူးပါ။ မျက်ပေါက်ကလေးများက ကျဉ်းမြောင်းလွန်းသွားလျက် စိမ်းလဲ့လဲ့အရိပ်တစ်မျိုးဖြာထွက်နေလေသည်။ သိစိတ်ပဲ ပျောက်သွားသလိုလို၊ တစ်စုံတစ်ရာအား နာကျည်းစိတ်ဖြင့် ငြိမ်သက်သွားသလိုမျိုးဖြစ်လေသည်။ တကယ်ဆို ဒီအဖြစ်အပျက်တွေက သူမနှင့် ဘာမှ သက်ဆိုင်တာ မဟုတ်ပေဘဲ။

စိတ်ထဲ ထူးဆန်းသွားသလိုဖြစ်မိသော်လည်း နန်းရှင်၏ ထိုအမူအရာအား ထပ်မံမစူးစမ်းမိ။ ပန်းနွယ်အဖို့ အံ့သြရတာတွေက များလွန်းနေပြီ မဟုတ်လား။

နားထဲတွင် အဖွားပြန်ပြောပြသည်များကိုသာ တရစ်ဝဲဝဲကြားယောင်နေမိခဲ့လေတော့၏။

နောက်ထပ် လူတွေ အများကြီးသေဦးမယ် … တဲ့။



[၄]

ဦးဘမင်းဆိုသော လူကြီးနှင့် ပန်းနွယ် မျက်နှာချင်းဆိုင် ဆုံရသည်ကတော့ နောက်ထပ် တစ်ပတ်မျှအကြာမှာဖြစ်လေသည်။

ထိုနေ့က …

ကိုမြင့်ဆောင်၏ ရက်လည်နေ့မို့ တစ်ရွာလုံးနီးပါး သွားရောက်ဖြစ်ကြသည်။ ဦးဘမင်းကလည်း ကိုမြင့်ဆောင်မဆုံးမီ နောက်ဆုံးနေထိုင်ခဲ့ရာအိမ်တွင်ပင်နေကာ ကိုမြင့်ဆောင်၏ ရက်လည်ဆွမ်းသွပ်ကို အတော်ကြီးကြီးကျယ်ကျယ် ပြုလုပ်ပေးသည်ပဲ။

အဖွားကတော့ ဆွမ်းသွပ်တရားနာစဉ်ကဟည်း

www.burmeseclassic.com

www.burmeseclassic.com



က ရောက်သွားပြီး ပန်းနွယ်နှင့် နန်းရှင်မှာ အတော် နောက်ကျမှ ရောက်သည်။

သူတို့ရောက်တော့ အတော်ပင် လူရှင်းနေလေပြီ။ အရေးထဲ ခြံဝနားအထိရောက်သွားပြီးလေမှ နန်းရှင်က ထဖောက်တော့သည်။

"ကျွန်မ မလိုက်တော့ဘူး မလေးရယ်"

"ဟဲ့ ဘာလို့တုန်း ဒီထိတောင် ရောက်လာခဲ့ပြီးဟာပဲ"

"မသိဘူး ကျွန်မ အထဲမဝင်ချင်ဘူး စိတ်ထဲ တစ်မျိုးကြီးပဲ"

"အဖွားက ငါတို့ကို လိုက်လာခဲ့ဖို့ ခေါ်ထားတဲ့ဟာ တို့ မသွားရင် အဆူခံထိနေမှာပေါ့"

"ဒါဆို မလေးဘဲ ဝင်သွားလိုက်တော့ ကျွန်မ ပြန်လိုက်တော့မယ်"

ဘယ်လိုပြောပြောမရ။ နောက်ဆုံးပန်းနွယ်လည်း လက်လျှော့ကာ သူမအား ပြန်လွှတ်လိုက်ရလေ၏။ ထို့ကြောင့်မို့လည်း ဦးဘမင်းနှင့်ပန်းနွယ် နှစ်ယောက်



တည်း တည့်တည့်ဆုံဖို့ ဖြစ်လာရလေခြင်းပေတည်း။

ဖြစ်ချင်တော့ ထိုနေ့မှပင် ပန်းနွယ်ကလည်း ဝတ်လာမိသည့် ဝမ်းဆက်ဝတ်စုံက အတော်လေး ကြပ်ကြပ် တောက်တောက်ဖြစ်နေလေ၏။

ဒီလိုဆိုတော့ တစ်ရွာလုံးမှာ အလှဆုံးကွမ်းတောင်ကိုင်ဆိုကြသည့် သူမ၏ ခန္ဓာကိုယ်အလှကောက်ကြောင်းများက အထင်အရှားပေါ်လွင်နေသည်ပေါ့။

မည်သည့်ကိစ္စရယ်မသိ။ ဦးဘမင်းက အိမ်ဝထွက်အလာ ပန်းနွယ်ကလည်း အိမ်ထဲလှမ်းအဝင်တွင် နှစ်ယောက်တည်းတည့်တည့်ဆုံကြလေ၏။

မြင်မြင်ခြင်းပင် (ကြားထားခဲ့သောသတင်းစကားများအရ) ကြောက်စိတ်ရှိနေသည်မို့ ပန်းနွယ်က ခေါင်းကို ငုံ့ချလိုက်မိသည်။ ထို့ကြောင့် ဦးဘမင်း၏ အကြည့်များအား မရိပ်မိ။ ခေါင်းပြန်မော့လိုက်စဉ်မှာတော့ သူမအား စူးစူးရဲရဲကြည့်နေသည့် ဦးဘမင်း၏ မျက်လုံးများနှင့် ရင်ဆိုင်တွေ့လိုက်ရလေတော့သည်။

'အို'

www.burmeseclassic.com

www.burmeseclassic.com



ပန်းနွယ်စိတ်ထဲ မလုံမလဲသလို ဖြစ်သွားရ၏။

ကိုယ့်ကိုယ်ကို ခုမှ သေချာပြန်ငုံ့ကြည့်မိတော့ ပိုးသားပျော့ပျော့ အဝတ်အစားအောက်တွင် အရှိုက်အဝန်းအမို့အမောက်များက အထင်းသား။

ရှက်လည်းရှက်၊ လန့်သွားသလိုလည်း ဖြစ်ကာ အိမ်ဘက်ဆီသို့ အပြေးတစ်ပိုင်းဝင်လိုက်မိလေသည်။ ဦးဘမင်းက နောက်ပြန်လှည့်ကာ သူမအား လိုက်လံကြည့်နေဆဲဖြစ်သည်ကို သတိပြုလိုက်မိပါလေသည်။

✸



နောက်တစ်နေ့တွင် ပန်းနွယ်တို့အိမ် ဦးဘမင်းတို့လာလည်လေ၏။ မူလကတော့ ပန်းနွယ်အဖွားအား တွေ့ဆုံနှုတ်ဆက်ရန်လာခြင်း ဖြစ်ဟန်တူသော်လည်း ပန်းနွယ်ကို ထပ်မြင်သွားခဲ့၏။

ထို့ကြောင့်ပင် နောက်ထပ်အကြိမ်ပေါင်းများစွာ ဆက်ရောက်ဖြစ်ခဲ့လေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်ခေါက် ပန်းနွယ်တို့ဆီ ဦးဘမင်းကြီး လာစဉ်မှာတော့ လူအတော်များများပါလာခဲ့ပါလေသည်။

ပန်းနွယ်အိမ်မှာလည်း ပန်းနွယ်အဖွားတင်မကဆွေရိပ်မျိုးရိပ်မကင်းသော လူကြီးသူမများပါရောက်နေကြလေ၏။

ပန်းနွယ်နှင့် နန်းရှင်မှာတော့ ထုံးစံအတိုင်း လူကြီးတွေက အပြင်လွှတ်ထား၍ ခြံစည်းရိုးပိုင်းလေးနားမှာ သွားနေကြလေ၏။

"ဒီလူကြီးကလည်း ငါတို့ဆီ ဘာလို့ ခဏ



ခဏလာနေရလည်း မသိဘူးနော် သိပ်ရှုပ်တာပဲ"

ပန်းနွယ်က နန်းရှင်အား ရင်ဖွင့်သလို ပြောဖြစ်ခဲ့လေ၏။ သို့သော် နန်းရှင်မှာ ထုံးစံအတိုင်း မျက်ပေါက်ကလေးများ ကျဉ်းသွားလျက် အသိရခက်သောမျက်နှာပေးမျိုး ဖြစ်နေလေတော့၏။

ထိုလူကြီး ဦးဘမင်းနှင့် ပတ်သက်လာတိုင်း နန်းရှင်မှာ ဒီလို ထူးထူးဆန်းဆန်းဖြစ်နေကျမို့ ပန်းနွယ်တစ်ယောက် ထူးပြီး အံ့သြမနေတော့။

တစ်ယောက်တည်း ...

"စိတ်ညစ်ပါတယ် နော်"

ဟုသာ သက်ပြင်းလေးတစ်ခုနှင့်အတူ ရေရွတ်နေမိတော့သည်။ ထိုစဉ်မှာပင် အိမ်ဘက်ဆီမှ လျှောက်လှမ်းလာသော လူတစ်ဦးကို သတိပြုမိလိုက်လေသည်။

ဦးဘမင်းတော့ မဟုတ်။ အရွယ်ခပ်ငယ်ငယ်ထဲက ပါပဲ။ ထိုသူက တဖြည်းဖြည်း သူမတို့အနီးရောက်လာလေသည်။ အသွေးအသားပြေ အညာပြေ လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသလိုလို။ ဟိုကြည့်ဒီကြည့်နှင့်လည်း စူးစမ်းနေချေသေး၏။

ပန်းနွယ်တို့အား မြင်သွားသောအခါ ပြုံးရင်းအနားသို့ ချဉ်းကပ်လာ၏။

“တော်တော်သာယာတာပဲ နော်”

အရင်းမရှိ အဖျားမရှိနှုတ်ဆက်သည်ကြောင့် ပန်းနွယ် ကြောင်အမ်းအမ်းလေးဖြစ်သွားရာမှ ပြုံးမိရှင်း

“ဟုတ်ကဲ့”

ဟု အလိုက်အထိုက် ပြန်ပြောလိုက်လေသည်။

ကြည့်ရတာ ဦးဘမင်းနှင့် ဘာတော်သည် မသိ။ ပန်းနွယ်တို့နှင့် မတိမ်းမယိမ်းလောက်ပင် ရှိမည်။ လူပုံကတော့ ခပ်ချောချောပါပဲ။ မျက်လုံးများက ပြုံးပြုံးချိုချို။ အကြည့်စူးစူးက ရင်ထဲ တစ်ခါတည်း ဖောက်ဝင်သွားသလိုလို။ ပြုံးတုံ့တုံ့မျက်နှာထားတွင် ကြင်နာသနားတတ်ဟန်ကို ခံစားရသလိုရှိ၏။ ပန်းနွယ် စိတ်ထဲပဲ လိုရာဆွဲတွေးနေမိသည်လား မပြောတတ်ပါချေ။



ထိုလူ့အမည်မှာ အောင်ထွန်းဖြစ်ကြောင်း သိရလေ၏။ ခဏတွင်းချင်းမှာပင် ပန်းနွယ်တို့နှင့်သူ ခင်မင်၍သွားသည်။ နှုတ်ဆိတ်နေခဲ့သော နန်းရှင်သည်ပင် ရယ်ရယ်မောမောဖြစ်၍လာ၏။ စကားလက်ဆုံကျနေလိုက်မိသည်မှာ သူမတို့အနား ဦးဘမင်းတို့ရောက်လာချိန်အထိပင် ဖြစ်ပါလေသည်။

အစကတော့ ... ဦးဘမင်းမှာ ပြန်ရန် သူ့လူများနှင့်အတူ ထွက်လာခြင်းဖြစ်ပါလေသည်။ သို့သော် ပန်းနွယ်တို့ကို မြင်သွားသဖြင့် အနားလျှောက်လာလေ၏။ သူ ဝတ်ထားသော လည်ရှည်ဖိနပ်ကြီး၏ တဖွတ်ဖွတ်အသံက ဆူညံစွာတဖြည်းဖြည်းနီး၍လာသည်။

“ဪ ... ဦးလေး”

ပန်းနွယ်အနားရှိနေသော ကိုအောင်ထွန်းက လှမ်းနှုတ်ဆက်သည်။ သူက အမှုမထား။ ပန်းနွယ်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေလေ၏။

ပန်းနွယ်အား တွေ့သည့်နှင့်ပင် ယင်း၏မျက်နှာက မချိုမချဉ်။ ပြုံးစစပြု၍လည်း အနားချဉ်းကပ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန်းနွယ် တစ်ကိုယ်လုံးကိုလည်း ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်မှာ အားတော့ဝါးတော့မတတ်။

ပန်းနွယ်ရှေ့သို့အရောက် ချောင်းအနည်းငယ်ဟန့်ကာ တစ်ခုခုပြောရန်ပြင်၏။

ထိုစဉ်မှာပင် ပန်းနွယ်နံဘေးမှ နန်းရှင်ဆီ သူ့အကြည့်ရောက်သွားပုံ ရပါလေသည်။

"ဟင်"

ချက်ချင်းမျက်နှာပျက်သွားသော ဦးဘမင်းကြောင့် ပန်းနွယ်လည်း နန်းရှင်ဆီသို့ လိုက်ကြည့်မိခဲ့ပါသည်။

သူမ မြင်ဘူးသမျှတွင် နန်းရှင်အသွင်က ဒီတစ်ခါ ကြောက်စရာအကောင်းဆုံး ဖြစ်လေ၏။

လူတစ်ယောက်၏ မျက်လုံးနှင့် မတူလောက်အောင်ပင် ယင်း၏ မျက်လုံးများက သေးငယ်စူးရှ၍နေကြလေ၏။ နှုတ်ခမ်းလေးများကို စုချွန်၍ထားသည်။

မျက်မှောင်ကို အစွမ်းကုန်ကျုံ့၍ထား၏။ မျက်ခုံးနက်တန်းနှစ်ခုက မျက်လုံးများအား ဘောင်ခတ်အားဖြည့်



ပေးထားသည်သို့။ ကြည့်ရင်းမှပင် ဘေးဘီဝန်းကျင်လောကတစ်ခုလုံး မှိန်ဖျော့သွားရကာ နန်းရှင်၏ ထိုမျက်လုံးတစ်စုံသာ စူးတောက်စွာ ထင်ရှားလာသလို ခံစားရလေတော့သည်။

ဦးဘမင်းမှာ နန်းရှင်၏ ထိုမျက်ဝန်းများအားကြာကြာစိုက်မကြည့်ရဲပါ။ မျက်နှာလွှဲသွားကာ

"သွားတော့မယ်"

ဟု ပန်းနွယ်အား နှုတ်ဆက်သလိုလို သူ့တူကိုအောင်ထွန်းအားပြောသလိုလိုဖြင့် လှည့်ထွက်သွားလေ၏။ ကိုအောင်ထွန်းမှာလည်း ပန်းနွယ်အားပြုံးကာ ခေါင်းဆတ်ပြနှုတ်ဆက်ရင်း သူ့နောက်လိုက်သွားရသည်ပေါ့။

နန်းရှင်၏ ထူးဆန်းသော အမူအရာမှာတော့ခုထိ မပြောင်းလဲသေးပါ။ ပန်းနွယ်က ခါတိုင်းလိုပင် ပခုံးစွန်းချင်းတို့တိုက်လိုက်တော့မှ သူမပြန်အသက်ဝင်လာသလိုရှိသည်။

"နင်က ဘာဖြစ်နေတာတုန်း"

"ဟင် ဘာဖြစ်လို့လဲ မလေး"

www.burmeseclassic.com

www.burmeseclassic.com



သူမကိုပင် ပြန်မေးနေချေသေး၏။ ပန်းနွယ်က သက်ပြင်းချလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး၊ ထားပါတော့လေ၊ ဒါနဲ့ အဲဒီ ဦးဘမင်းကြီးက တစ်မျိုးပဲနော်"

"ဟုတ်တယ် ကျွန်မလည်း ကြည့်မရဘူး"

ပန်းနွယ်စကားကို နန်းရှင်တို့ပြန်ပြောသည်က နည်းနည်းတော့ ပြင်းထန်နေသလို ထင်ရပါလေသည်။

ပန်းနွယ် သိသလောက်တော့ နန်းရှင်ထံမှာ ဦးဘမင်းအား ကြည့်မရလောက်စရာ ဘာကိစ္စမှ မရှိသည်ကို သတိထားလိုက်မိပါလေတော့သည်။

✸



တိုနေ့ညနေမှာ အဖွားအပါအဝင် လူကြီးတွေက ပန်းနွယ်အား ထူးဆန်းသော မေးခွန်းတစ်ခုကို မေးလေသည်။

"သမီး မှန်မှန်ဖြေရမယ်နော်"

"ဟုတ်ကဲ့"

"သမီးမှာ ချစ်သူတွေဘာတွေများ ရှိသလားဟင်"

"မရှိပါဘူး ဘာလို့လဲ"

"တို့မေးတာပဲ ဖြေစမ်းပါ၊ ရည်မှန်းထားတဲ့လူကော ရှိသလား"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူတောင်မရှိတဲ့ဟာ သမီးကို ဘာတွေ လာမေးနေကြတာတုန်း"

"အေးလေ ဟုတ်သားပဲ၊ သူက ဒီလောက် အနေရှိုးတဲ့ဟာ ထွေလီကာလီတွေ ဘယ်ရှိမှာ တုန်း၊ အိမ်ထဲက အိမ်ပြင်တောင်သိပ်မထွက်၊ တော့ ဘာမှလည်း နားလည်တာ မဟုတ်ဘူး၊ သူ့မေးမနေပါနဲ့တော့ စီစဉ်စရာရှိတာတောင် စီစဉ်လိုက်ကြရအောင်"

လူကြီးတစ်ယောက်က ဝင်ပြောလိုက်ခြင်းဖြစ် ပါသည်။ အဖွားကတော့ တွေးဆသလိုဖြင့် ...

"သူ့သဘောထားမမေးလို့ ဖြစ်မလားဟဲ့"

ဟု ပြောသည်။

"အို လူကြီးတွေက ကောင်းဖို့စီစဉ်မယ့်ဟာပဲ သူ့သဘောထားလည်း လူကြီးတွေ သဘော အတိုင်း ဖြစ်ရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ပန်းနွယ်"

ဒါတို့ဟာသူတို့ ပြောရင်းက ပန်းနွယ်အားမေး



လိုက် ပြန်ချေသေး၏။ ပန်းနွယ် စိတ်ရှုပ်လာသည်။

"ဟုတ်ပါတယ်၊ သမီးက အရာရာ အဖွားရဲ့ သဘော ဒါဆို သမီးသွားလို့ရပြီလား ဟင်"

ဟုဆိုကာ ထွက်လာခဲ့လိုက်သည်။

နောက်ဘက်တွင်တော့ လူကြီးတွေ ကြိတ် ကြိတ် ကြိတ်ကြိတ်နှင့် ဆက်လက်တိုင်ပင်နေကြဆဲ။

ဘာအကြောင်းအရာတွေများ ဖြစ်မလဲ?

သူ့မနှင့်များ ပတ်သက်လာမလား?

ဆိုသည်များကိုတော့ ပန်းနွယ် ထိုစဉ်က လုံးဝ မတွေးတောမိခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



[၅]

စိမ့်မြေရွာကလေးမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

တစ်ရိပ်ရိပ်ပြေးနေသော ကားနောက်ပိုင်းတွင် ပန်းနွယ်တို့ ရွာကလေးသည် သေး၍ သေး၍သွားလေ၏။

ဒီတစ်လောလေးမှာပင် မြန်ဆန်လွန်းစွာ ဖြစ်ပျက်ခဲ့သမျှတို့အား ပန်းနွယ်တစ်ယောက် အံ့အားလည်းသင့် အနည်းငယ်လည်း ထိတ်လန့်စွာ ပြန်တွေးတောနေမိခဲ့လေသည်။

ဦးဘမင်းက သူမအား လက်ထပ်ချင်လို့ တဲ့…



ဟူသော စကားကို ကြားကြားချင်းတုန်းက ဘယ်လိုမှ သဘောတူမရခဲ့။

မဖြစ်နိုင်တာ … ဟုပင် ငြင်းဆိုခဲ့မိသေးလေ၏။ သို့သော် လူကြီးတွေက အဓိုင်အမာဆုံးဖြတ်ပြီးသား ဖြစ်နေလေပြီ။

အဖွားကတော့ တစ်ခွန်းတည်းသာပြော၏။

"သမီး စဉ်းစားပြီးမှ ဆုံးဖြတ်ပါ၊ အဖွားဘာမှ တော့ အတင်းမပြောချင်ဘူး၊ ဒါပေမယ့် သူက ဒို့ကျေးဇူးရှင်ဆိုတာတော့ မမေ့နဲ့ပေါ့"

တခြားလူကြီးတွေကတော့ ဝိုင်းပြောလိုက်ကြတာမှ နားကွဲလုမတတ်။

"ဒီလိုလူကို ဘာများငြင်းစရာရှိသလဲ၊ အသက်ကလေး နည်းနည်းကြီးပေမယ့် လူမျိုးလူလွတ် ဥစ္စာပေါ ဂုဏ်မြင့်တဲ့သူပဲဟာ"

တဲ့။ တစ်ချို့ကျတော့လည်း …

"တို့က နင့်ကို လင်ကောင်းသားကောင်းရစေချင်လို့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြပြန်၏။

"ဘာဖြစ်လို့ လက်မခံရတာလဲ"

ဟု ဝိုင်းမေးကြသည်ကို ပန်းနွယ်က

"ဘာလို့ လက်ခံရမှာလဲ"

ဟု ပြန်မေးမိတော့ ...

"ညည်းမှာ ဘာအကြောင်းပြချက်များရှိနေလို့လဲ"

ဟု ဝိုင်းစစ်ကြပြန်၏။

"ချစ်သူလည်းမရှိဘူး၊ ရည်စူးထားတာလည်း မရှိဘူးဆို"

တဲ့။

"ဟုတ်တယ်လေ ဒါနဲ့ပဲ သမီးက ကိုယ်မချစ်တဲ့လူကြီးကို တစ်ဘဝလုံးလက်တွဲဖို့ လက်ခံလိုက်ရမှာလား"

ဟု အရဲစွန့်ပြန်ပြောကြည့်တော့ ...

တစ်ယောက်တစ်ပေါက်အသံများ ဆူညံသွားလေတော့သည်။ အချစ်ဆိုကာ အရေးမကြီးပါဘူး ...

BURMESE CLASSIC .com



တဲ့။ နောက်အလိုလို ဖြစ်လာမယ် ... ဟုလည်းပြောကြပြန်သေး၏။

နောက်ဆုံးစကားကတော့ ရိုးစင်းလွန်းသောခြိမ်းခြောက်မှုကြီးပါပေ။

"လူကြီးတွေက ကောင်းစေချင်လို့ စီမံတာကို ညည်းက ကန့်လန့်တိုက်နေတာလား၊ လူကြီးတွေလက်နဲ့ ရေးတာကို ညည်းက ခြေနဲ့ ဖျက်ချင်တယ်ပေါ့"

တဲ့။ ခက်သည်က ပန်းနွယ်ပတ်ဝန်းကျင်ရှိ လူကြီးသူမအားလုံးမှာ ဦးဘမင်း၏ ကျေးဇူးခံ ကျေးဇူးစားများဖြစ်နေခြင်းပင်တည်း။

နောက်ဆုံး ...

ဘယ်လိုမှ မတတ်သာတော့သည့် အဆုံးမှာတော့ ပန်းနွယ်က လိုလားသည်များကို တောင်းဆိုကာ သဘောတူရလေတော့သည်။

တစ်- ချက်ချင်းကြီးတော့ လက်မထပ်သေးလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟူသော သူမ၏တောင်းဆိုချက်အား လူကြီးစုံရာနှင့် နားဖောက်ဓနစပ်ရုံဖြင့် အလျှော့ပေးခဲ့ကြလေ၏။

သို့သော် ဦးဘမင်းကြီးက ပန်းနွယ်အား မြို့ကို အတင်းခေါ်သွားမည်ပြုလေသည်။ မြို့မှာ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်မယ် ... တဲ့။

နှစ်- ပန်းနွယ်က (ငြင်းမရသည့်အတွက်) မြို့တော့ လိုက်ခဲ့ပါမည်။ သို့သော် မြို့နှင့် အသားကျအောင် ခဏတော့ အချိန်စောင့်ပေးပါ ... ဟု တောင်းဆို၏။ ထို့နောက် ...

သုံး- နန်းရှင်ကိုတော့ မပါ,ပါအောင် သူမ အဖော်ခေါ်လာခဲ့သည်။ အမှားကလည်းမလိုက်နိုင်ဘူး မဟုတ်လား။ ပြီးတော့ ဘာကြောင့်ရယ်မသိ။ ဦးဘမင်းက နန်းရှင်နှင့် မျက်နှာချင်းဆိုင်တွေ့လျှင် သွေးလန့်သွားသလိုဖြစ်နေတတ်၏။ ထိုအချက်ကပင် ပန်းနွယ်အဖို့ အကာအကွယ် တစ်မျိုးဖြစ်လိမ့်မည်ဟု တွက်ဆမိ၍ဖြစ်လေသည်။



တွေးနေရင်းသားမှ ...

ကိုယ့်အဖြစ်ကိုယ် ဝမ်းနည်းသလို ဖြစ်လာသောကြောင့် ပန်းနွယ်မှာ ကြေကွဲစွာ မျက်ရည်လည်မတတ်ဖြစ်လာရလေ၏။

ဝေ့သီလာသော မျက်ရည်စများအား လက်ဖမိုးဖြင့် သုတ်လိုက်အပြီး ပြန်အရုတ်တွင် စိမ့်မြေရွာကလေး မြင်ကွင်းမှ ပျောက်သွားရသည်ကို တွေ့လိုက်ရလေ၏။

ကားက လမ်းကွေ့တစ်ခုသို့ချိုးကာ မောင်းနှင်လိုက်ခြင်းကြောင့်ပင်။

ပန်းနွယ်တို့၏ ဇာတိမြေကလေးမှာ နောက်ကြောင်းပြန်လှည့်မရသော အကွာအဝေးတွင် ကျန်ရစ်ခဲ့လေပြီ။ ရှေ့တွင် ဆက်လက်ကြုံရမည့် ခရီးတာက ခက်ခဲကြမ်းတမ်းလွန်းလှချေတော့၏။

✸

www.burmeseclassic.com

www.burmeseclassic.com



ပန်းနွယ်နှင့် နန်းရှင်တို့က ဦးဘမင်းနှင့် တစ်ကား တည်းအတူ မစီးကြပါ။

နောက်ဘက်မှလိုက်သော ဒုတိယကား၏ နောက်ဘက် ခရီးဆောင် အထုပ်အပိုးတွေထားရာ နောက်ခန်းတွင် သွားစီးကြလေ၏။

သူမတို့ မိန်းကလေးနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်သည်လေ။

ထိုနေရာက နည်းနည်းတော့ ကြပ်၏။ တစ်ခုပေါ်တစ်ခု ဆင့်ကာထားသော ခရီးဆောင်အိတ်တွေက တစ်ခါတစ်လေ လှုပေါ် ပြုတ်ကျလာတတ်တာမျိုးရှိ



သဖြင့် နည်းနည်းတော့ အနှောင့်အယှက်ကြုံရလေသည်။

ခရီးဆောင်အိတ်တွေထဲမှ တစ်ခုကတော့ နည်းနည်း ထူးဆန်းသည်။ တစ်ချက်တစ်ချက်တွင် အထဲက တစ်စုံတစ်ရာပါဝင်ဟန်ဖြင့် လှုပ်လှုပ် လှုပ်လှုပ်ဖြစ်လာသည်ကို မြင်ရလေ၏။

အစကတော့ ကားဆောင့်၍ ထိုသို့ဖြစ်မည်ဟု ထင်မိသည်။ နောက်ကျတော့ ကားငြိမ်ငြိမ်မောင်းနိုင်သော လမ်းမှာလည်း တစ်ချက်တစ်ချက်လှုပ်လာလေတော့ ပန်းနွယ်နှင့် နန်းရှင်တို့ တစ်ယောက်ကိုတစ်ယောက် လှမ်းပြကာ လန့်ချင်သလို ဖြစ်မိကြလေ၏။

အထဲမှာ ... ဘာများပါသလဲ?

နန်းရှင်က

"သရဲများလား မသိဘူးနော်"

ဟုပင် တီးတိုးပြောလာသေး၏။ သို့သော် မည်သို့ပင်ဖြစ်စေ သူမတို့ ထိုကားနောက်ခန်းမှာပင် ဒုက္ခခံကာ ဆက်စီးနင်းခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောက်စရာဖြစ်ဖြစ် သူမတို့အဖို့မူ ဦးဘမင်းထက်တော့ အန္တရာယ်မပေးနိုင်လောက်ဘူးဟု မှတ်ယူထားသောကြောင့် ဖြစ်ပါလေသည်။



[၆]

ညနေပိုင်း အတော်မှောင်စပျိုးချိန်မှပင် ကားက ဦးတည်ရာအရပ်သို့ ဆိုက်ရောက်ခဲ့လေတော့၏။

ကျယ်ဝန်းခန့်ငြားလှသော ခြံဝင်းကျယ်ကြီးထဲရှိ ဆင်ဝင်ကြီးတစ်ခုအောက်တွင် ကား ရပ်တန့်လိုက်သော အခါမှ ပန်းနွယ်တို့နှစ်ယောက် ခပ်မှေးမှေးအိပ်ငိုက်နေရာက နိုးထလာမိကြလေတော့သည်။

မျက်ဝန်းရှေ့တွင် လှပခမ်းနားစွာမြင်တွေ့နေရသော အိမ်မြင့်ကြီးတစ်ဆောင်။ နှစ်ထပ်အိမ်မြင့်ကြီးက ထည်ဝါလှသလို ကြောက်မက်ဖွယ်အရိုန်အဝါတစ်မျိုးကိုလည်းဆောင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



နန်းရှင်က သူမနားကပ်ကာ တီးတိုးပြော၏။

"အိမ်ကြီးကကောင်းလိုက်တာ နော်၊ ဓာတ်ရှင်တွေထဲက အိမ်ကြီးကျနေတာပဲ"

ထိုစဉ်မှာပင် ဓာတ်ရှင်တွေထဲက လူဆိုးခေါင်းဆောင်ကြီးနှင့်တူသော ဦးဘမင်းကလည်း သူမတို့အနားလျှောက်လာသည်ကို တွေ့ရလေ၏။

"ခရီးပန်းသွားကြတယ်နဲ့တူတယ်၊ အေးအေးဆေးဆေး နားပေတော့နော်၊ ဟော့ သူတို့ပစ္စည်းလေးတွေ ကူချပေးလိုက်ပါ"

အိမ်ဝတွင် အသင့်ထွက်ကာ ဆီးကြိုနေသော ဦးဘမင်းတပည့်များအနက် ရှားရှားပါးပါးတစ်ယောက်တည်းသာပါသော မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်ပြေးချလာ၏။ ဘာကြောင့်မှန်းတော့ မသိ၊ ဦးဘမင်းတပည့်တွေမှာ ယောကျ်ားလေးတွေချည်း တွေ့ရလေသည်။ အကုန်လုံးက ထွားထွားကျိုင်းကျိုင်း မျက်နှာပေါက်ဆိုးဆိုးကြီးတွေချည်း။ လူကိုကြည့်လိုက်ရင်ပဲ စားတော့ ဝါးတော့မတတ်။



ဟို ကိုအောင်ထွန်းဆိုသော လူတစ်ယောက်က လွဲလို့ပေါ့။ ပန်းနွယ်တို့ ကားပေါ်ကဆင်းဆင်းချင်းမှာပင် ကိုအောင်ထွန်းက သူ့ထုံးစံအတိုင်း နွေးထွေးသောအပြုံးတစ်ခုနှင့် လှမ်းပြုံးပြလိုက်ချေသေး၏။

သို့သော် ပန်းနွယ်မျှ မတုံ့ပြန်နိုင်။ ဦးဘမင်းက သူမတို့အနားရောက်လာသောကြောင့် ဖြစ်လေသည်။

"ဒါအစ်ကိုကြီးအိမ်ပဲလေ ပန်းနွယ်၊ နောက်ဆို ပန်းနွယ်နေရမှာပေါ့"

ပန်းနွယ်အား တမင်မျက်နှာချိုသွေးကာ လာဝင်ရောလေသည်။ သို့သော် သူ့ထုံးစံအတိုင်း နန်းရှင်ဘက်ကိုတော့မကြည့်။

ပန်းနွယ်မှာ မကောင်းတတ်သည်မို့ ခေါင်းညိတ်ရင်း

"ဟုတ်ကဲ့ရှင့်"

ဟုသာ ပြန်ပြောလိုက်သည်။ ပြီးတော့ မျက်နှာကလည်း ခါတိုင်းလို တင်းမထားလိုက်။ လည်ရှည်ဘွတ်ဖိနပ်ကြီးတကားကားနှင့် ဦးဘမင်းပုံအားရယ်ချင်

www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့်လည်း ဖြစ်ပါလေသည်။

အထုပ်အပိုးတွေက အတော် များပါလေသည်။ ပန်းနွယ်တို့ မိန်းကလေးနှစ်ယောက်ကလည်း အဝတ်အစား အသုံးအဆောင်တော်တော်များများ သယ်လာသလို ဦးဘမင်းတို့ လူသိုက်မှာလည်း အထုပ်တွေပါကြသေး၏။

ထိုအထုပ်များအား ကားပေါ်မှ အရင်ချကာ ပုံထားပြီးမှ အိမ်ထဲသွင်းရန်ပြင်သည်။

ထိုစဉ်မှာပင် ...

ပြဿနာတစ်ခု

ပေါ်ပေါက်လာခြင်း ဖြစ်လေ၏။

မျက်ဝန်းထောင့်တွင် ရိပ်ကနဲ မြင်လိုက်ရသည်ဟု ပန်းနွယ်ထင်လိုက်မိသည်။ ထိုအရာ၏လှုပ်ရှားမှုက အလွန်လျှင်မြန်လွန်းလှ၏။

လှည့်ကြည့်လိုက်စဉ်မှာပင် နေရာတွင် မရှိတော့။ လှစ်ကနဲ ပျောက်ကွယ်သွားခဲ့လေပြီ။

ချက်ချင်းပင် တစ်နေရာမှ အော်သံတစ်ခုကြား



လိုက်ရ၏။ ထိတ်လန့်ခြင်းတစ်ဝက် ဒေါသတစ်ဝက် စွက်နေသော အော်သံ။

အားလုံး အသံလာရာသို့ အာရုံစိုက်မိကြလေ၏။

ဦးဘမင်းအား လည်ရှည်ဖိနပ်ကြီး ဝတ်ထားသော ခြေတစ်ဘက်ကို မြှောက်မ,လျက်မြင်တွေ့ရ၏။ သူ့ခြေထောက်နားတွင်တော့ ထွက်ပြေးသွားသော မြွေတစ်ကောင်။ ဦးဘမင်းအား ကိုက်ကာ ပြေးခြင်းပေတည်း။

ပန်းနွယ်မျက်လုံးအကြည့်က ခရီးဆောင်အိပ်များထားရာဆီ အလိုလိုအကြည့်ရောက်၏။ အိတ်တစ်လုံးမှာ ပွင့်လှစ်လျက်။ ပြုတ်ကျပြီး ပွင့်သွားသည်လား။ အထဲက တွန်းကန်အားကြောင့်ပဲ ပွင့်လာသလား။ မြွေသည် ထိုအိတ်ထဲမှ ထွက်လာခြင်းဖြစ်ပုံရလေ၏။

လမ်းတလျှောက် ပန်းနွယ်တို့ မြင်ခဲ့ရသော တလှုပ်လှုပ်ဖြစ်နေသည့်အိပ်ပါဘဲ။ ပန်းနွယ်မှာ တွေးမိကာ ကျောချမ်းသလို ဖြစ်သွားရလေ၏။ လမ်းတလျှောက် မြွေတစ်ကောင်နှင့် အနီးဆုံးမှာ သူမတို့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ စီးနင်းလာခဲ့ရတာမဟုတ်လား။

မြွေက အတော်အဆိပ်ပြင်းပုံရသည်။ အကွက်ကွက်ထနေသော ခန္ဓာကိုယ်ပုံသဏ္ဌာန်ကိုက ကြောက်မက်ဖွယ်။

အကယ်၍ ဦးဘမင်းသာ လည်ရှည်ဘွတ်ဖိနပ်ကြီးကို ဝတ်ဆင်ထားခြင်းမရှိပါက နေရာတွင်ပင် ချက်ချင်း တုံးကနဲ လဲကျသေဆုံးကာ အသက်ပျောက်နေလောက်ပေပြီ။

အခုတော့ ...

ဘာမှ ဒါဏ်ရာမရလိုက်သော်လည်း ဦးဘမင်းမှာ အတော်ဒေါသထွက်သွားပုံရလေ၏။ ပြေးထွက်သွားသော မြွေအားချက်ချင်းလိုက်ရန် ပြင်သည်။

အမြဲ အသင့်ဆောင်ထားဟန်တူသော ဓားတစ်ချောင်းသည်လည်း သူ့ဘောင်းဘီအိတ်ထဲမှ လှစ်ကနဲထွက်ပေါ်လာလေ၏။

ဦးဘမင်းက မြွေကို တည့်တည့်ချိန်ရွယ်လိုက်သည်။ ဓားနှောင့်ကို လက်မှကိုင်ကာ ခပ်ဆဆဖြင့်



ပစ်ကွင်းကို သေချာအောင်ပြင်ဆင်လိုက်လေ၏။

ကြည့်လိုက်သည်နှင့်ပင် ဓားပေါက်ခြင်းအတတ်အား အသေအချာ လေ့ကျင့်ထားသူတစ်ယောက်ဖြစ်မှန်း မြင်သာလှပါသည်။

မြွေက တွန့်လိမ်ကောက်ကွေးစွာ လျင်မြန်သောအဟုန်ဖြင့် ဆက်ပြေးနေဆဲ။ သို့သော် ဒင်းကံဆိုးသည်က ပတ်လည်မြေပြောင်ပြောင် ရှင်းလင်းနေခြင်းပင်တည်း။ ခြံထောင့်ခြုံပင်များရှိရာသို့ အတော်ဝေးဝေးသွားရပေဦးမည်။

ထိုမြွေအဖို့မှူ လွတ်လမ်းမြင်တော့။

အားလုံး အသက်ပင်မရှူနိုင်အောင် တိတ်ဆိတ်နေမိကြလေ၏။

ထိုစဉ်မှာပင် ...

ဘယ်လိုမှ မထင်မှတ်သော လူတစ်ယောက်က အလွန်အံ့သြဖွယ်ကောင်းသော အပြုအမူတစ်ခုကို ပြုလုပ်လိုက်လေတော့သည်။

**"မပေါက်နဲ့"**

www.burmeseclassic.com

www.burmeseclassic.com



ဟု ငယ်သံပါအောင်အော်ကာ ဦးဘမင်းလက်မှ မားကို ဝင်လုလိုက်ခြင်းပင်တည်း။ ရုတ်တရက်မို့ အားလုံး ကြောင်အမ်းသွားကြသည်။

ပန်းနွယ်မှာ အံ့သြခြင်းမက အံ့သြသွားရ၏။

ဦးဘမင်းလက်မှမားကို ဝင်လုသူမှာ နန်းရှင် ဖြစ်နေသောကြောင့်ပင်။

ဒီလောက်အေးဆေးကာ ကြောက်တတ်သော မိန်းကလေးသည် ဘာကြောင့် ဒီလိုအလုပ်မျိုးကို လုပ်ခဲ့ရ ပါသနည်း။

အားလုံးဖြန်ဖြေရန် ထိုအနားပြေးသွားစဉ်မှာ ဦးဘမင်းနှင့် နန်းရှင် လုံးထွေး၍နေလေပြီ။

"ဟေ့ ဘာလုပ်တာလဲ၊ ဟိုမှာ မြွေလွတ်သွား တော့မယ်"

"မပေါက်ပါနဲ့၊ အဲဒီမြွေကို မားနဲ့ မပေါက်ပါ နဲ့၊ အဲဒီမြွေသေလို့ မဖြစ်ဘူး"

"ဟာ ဘာတွေအရူးထနေတာလဲကွာ၊တောက်! လွှတ်စမ်း ငါ့လက်ကို"



"မပေါက်ပါနဲ့၊ မားကြီးနဲ့ မပေါက်ပါနဲ့နော်"

"ဟာ ဒီလောက်ဖြစ်လှတာ ကဲဟာ"

နန်းရှင်မှာ ဘယ်လိုမှ ပြောမရ။ သူ့လက်ကို အတင်းချုပ်ကိုင်ထားသည့်အတွက် ဦးဘမင်းဒေါသတွေ ထိန်းမရအောင် ထွက်လာသောအခါ ဝုန်းကနဲဆောင့်ရုန်း လေတော့သည်။

ထို့နောက် လက်ဝါးကတစ်ဆက်တည်း နန်းရှင် ပါးပြင်ပေါ်သို့။

ဖြန်းကနဲအသံနှင့်အတူ နန်းရှင်မှာ သူမပါးပြင် ကလေးတစ်ဘက်အားအုပ်ကိုင်ကာ ယိုင်ကျသွားသည်ကို မြင်တွေ့လိုက်ကြလေ၏။

အားလုံး …

အံ့အားသင့်ကာ အသံဆိတ်သွားမိကြသည်။ ဦးဘမင်းမှာ ဒေါသအရှိန်မပြေသေးဘဲ ရှိနေဆဲ။

"တောက်! မင်းလုပ်လို့ မြွေလွတ်သွားပြီကွ"

တကယ်ပင် မြွေမှာ မြင်ကွင်းမှ ပျောက်ကွယ်၍ သွားခဲ့လေပြီ။ ဦးဘမင်းက မီးဝင်းဝင်းတောက်မတတ်

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများဖြင့် နန်းရှင်အားကြည့်၏။

အတော်အံ့အာသင့်စရာကောင်းသော နန်းရှင်ပါပေ။ မဆီမဆိုင် မြွေတစ်ကောင်အတွက် ဝင်တားဆီး၏။ ထို့ကြောင့် အရိုက်ပင်ခံရသော်လည်း မမူ။ ဦးဘမင်းအားရင်ကလေးကော့ကာ မျက်နှာချင်းဆိုင်ပြန်မော့ကြည့်နေပြန်၏။

ပန်းနွယ်မှာ မနေသာတော့။

သူတို့အနား ဆတ်ကနဲ လျှောက်သွားလိုက်လေ၏။

"ရှင် ဒါဘာလုပ်တာလဲ"

"ဟိုမှာလေ မင်းကောင်မလေးက အရှုးထပြီးငါ့ကို လာတားနေတာ မမြင်ဘူးလား"

"အို ဘာပဲဖြစ်ဖြစ် ကိုယ်ထိလက်ရောက်လုပ်စရာ မလိုပါဘူး"

"မရည်ရွယ်ပါဘူး၊ ဒါပေမယ့် သူကလည်းကိုယ်ထိလက်ရောက် လာတားလို့ လက်လွန်ခြေလွန်ဖြစ်ကုန်တာ"



ပန်းနွယ်က နန်းရှင်အား ဆွဲခေါ်လိုက်၏။ ကိုအောင်ထွန်းက ဦးဘမင်းအား လာဆွဲနှစ်သိမ့်သည်။

နန်းရှင်၏ နီရဲသွားသော ပါးပြင်နုနုကလေးအား ကြည့်ကာ ပန်းနွယ်စိတ်မကောင်းဖြစ်သွားရလေ၏။

"ဘာလို့ ... ကိုယ်နဲ့မဆိုင်တာ ဝင်ပါရတာလဲ၊ နန်းရှင်ရယ် အဲဒီလူကြီးက ရိုင်းကရိုင်းနဲ့"

နန်းရှင်က ဘာမှပြန်မပြော။ သို့သော် ထူးဆန်းသောအပြုံးလေးတစ်ခုနှင့် ပြန်ပြုံးပြလေ၏။ နှုတ်ခမ်းလေးတင်းတင်းစေ့ကာ မျက်လုံးလေးများက အရောင်တောက်လျက်။ တစ်စုံတစ်ရာကို ဖြစ်မြောက်အောင်ဆောင်ရွက်လိုက်နိုင်သဖြင့် ကျေနပ်နေပုံမျိုးဖြစ်လေသည်။

ပန်းနွယ်အဖို့တော့ နန်းရှင်ကို ကြာလေပိုလို့နားမလည်နိုင်လာလေပင်။

ထိုသို့ ဦးဘမင်းနှင့် နန်းရှင် ပြဿနာတက်လိုက်သည့်အတွက်တစ်ခုတော့ ကောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းရှင်အားနေရာချပေးရာ အဆောက်အဦသို့ ပန်းနွယ်ဖွတ်လိုက်နေဖို့ အကြောင်းပြချက် ရသွားခြင်း ပေတည်း။

ဒီအိမ်မှာက အဆောက်အဦနှစ်ခုရှိသည်။

ဦးဘမင်းတို့နေထိုင်ရာ အိမ်မကြီးနှင့် မျက်စောင်းထိုးမလှမ်းမကမ်းမှ အလုပ်သမားဆောင်ပုကလေး တို့ပင်တည်း။ ထိုနေရာတွင် ယခင်က ဦးဘမင်း၏ တပည့်လင်မယားတို့ နေကြသည်။

နန်းရှင်အား ထိုနေရာတွင် ထားမည်ပြုသော အခါ ပန်းနွယ်ကလည်း နန်းရှင်ကို စိတ်မချဘူးဆိုကာ အတင်းလိုက်သွားနေ၏။

နဂိုအစီအစဉ်က ပန်းနွယ်အား ဦးဘမင်းရှိရာ အိမ်မကြီးမှာထားဖို့ပင်တည်း။ ယခုတော့ ပြဿနာဖြစ် လိုက်သည်ကိုအခွင့်ကောင်းယူကာ ပန်းနွယ်လိုက်သွား တော့ ဦးဘမင်းမပြောသာတော့။

ဘာပဲဖြစ်ဖြစ်ပန်းနွယ်အဖို့ အန္တရာယ်မှ အသင့် အတင့်တော့လုံခြုံသွားသလို ခံစားခဲ့ရပါလေသည်။



"ငါတော့ ... နင့်ကို နားမလည်နိုင်တော့ဘူး နန်းရှင်ရယ်"

"ဘာလို့လဲ မလေးရဲ့"

"နင့် အပြုအမူတွေကိုလေ"

"ကျွန်မအပြုအမူတွေ ဟုတ်လား"

"ဟုတ်တယ်၊ နင် ... တောဘက်ကနေ တို့ရွာ ရောက်လာစက တကယ့်ကို အေးအေးလေး ရယ်၊ မိဘတွေ ဆုံးသွားခဲ့ပြီမို့ အဖွားတို့ အိမ်မှာ နေပါရစေလို လာတောင်းပန်တုန်းက တကယ့် ကို သနားစရာလေး၊ ဒါကြောင့်ပဲ ငါနဲ့အဖော်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်အတူထားဖို့ အမွှားကို ငါ ကူပြောပေးခဲ့တာပေါ့

"မလေးက အဲဒီတုန်းက ကူပြောပေးမိတာကို အခုနောင်တရချင်နေပြီလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး ဒါပေမယ့် နှင်အရမ်းပြောင်းလဲသွားတယ်၊ ဒါကြောင့် အမွှားကတောင် ပြောတယ်သိလား"

"ဘယ်လိုပြောလို့တုန်း"

"နှင့်ကိုလေ ... တို့နဲ့ ဆွေနီးမျိုးဆက်တော်တယ်ဆိုပေမယ့် တို့သွေးနည်းနည်းမှ မပါသလိုပဲတဲ့ ငါတို့အမျိုးကကြောက်တတ်ပြီး အေးအေးလူလူ နေချင်တတ်တဲ့အမျိုးကိုး"

"ကျွန်မလည်း ကြောက်တတ်ပါတယ် မလေးရဲ့ အေးအေးလူလူလည်းနေချင်ပါတယ်"

"ဒါပေမယ့် ခုတလော နှင့်အပြုအမူတွေက"

ပန်းနွယ်သည် ရုတ်တရက် စကားစဖြတ်ကာ ရပ်တန့်လိုက်လေ၏။ နန်းရှင်ကို အပြစ်တင်နေသလို



ဖြစ်မှာ စိုးသောကြောင့်ပင်။

နန်းရှင်က နားလည်သလို သူမမျက်နှာအား တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်းဖွဖွချလေ၏။

"ကျွန်မလည်း နားလည်ပါတယ် မလေးရယ်၊ ခုတလော ကျွန်မ အပြုအမူတွေ ထူးဆန်းနေတယ်ဆိုတာ၊ ဒါပေမယ့် ကျွန်မလေ ဘယ်လိုမှ ထိန်းလို့ မရဘူး"

"ဘာရယ် နှင့်ကိုယ်နှင့် ထိန်းလို့မရဘူး ဟုတ်လား"

"ဟုတ်တယ် တစ်ခါတစ်လေ ကျွန်မစိတ်နဲ့ ကျွန်မကိုယ် မဟုတ်တော့သလိုပဲ၊ စိတ်ဟာ အထိန်းအကွပ်ကနေ လွတ်သလိုမျိုး ဖြစ်ဖြစ်သွားတယ်၊ ကျွန်မကိုယ် ကျွန်မ ဘာလုပ်လို့ လုပ်မိမှန်းတောင် မသိတော့ဘူး၊ ပြီးရင်တော့ အိပ်ရာကနေ ပြန်နိုးလာသလိုမျိုးပဲ"

ပန်းနွယ်မှာ နန်းရှင်၏ မျက်နှာအား အံ့သြထူးဆန်းစွာ စိုက်ကြည့်နေမိလေတော့သည်။ နန်းရှင်၏

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာလေးချကာ ပြောနေရာမှ ခေါင်းပြန်မော့လာပြီး ဆန်းကြယ်သော မေးခွန်းတစ်ခုအား ရုတ်တရက် မေးလိုက်လေတော့သည်။

"ဒါနဲ့ အဖွားပြောပြတုန်းကလေ ဦးဘမင်းတို့ နောက်ဆုံးသတ်လိုက်တယ်ဆိုတာ မြွေထီးလား မြွေမလား ဟင်"

"ဘာကိုပြောတာလေ"

"ဟိုနေ့က အဖွားပြောပြတော့ ပါတယ်လေ၊ မလေးအဖေ ဆုံးသွားတဲ့နေ့တုန်းက လာတဲ့ မြွေနှစ်ကောင်ဟာ တစ်ကောင်ကို ဦးဘမင်းက မိုန်းရှည်ခက်ရင်းခွနဲ့ ထိုးသတ်လိုက်တယ်လို့ ပြောတယ်မဟုတ်လား အဲဒီတုန်းက သေသွားတာ မြွေထီးလားမြွေမလားလို့ ..."

"ဟင် ဒါတော့ ငါလည်းဘယ်သိပါ့မလဲဟဲ့"

"အဖွားကို မမေးထားလိုက်မိဘူးလား"

"ဟင်အင်း မမေးထားလိုက်မိဘူး၊ မေးလည်း အဲဒီလောက်အသေးစိတ်ကိုတော့ သူလည်း သိ



လိမ့်မယ် မထင်ပါဘူး"

"အင်းပေါ့လေ၊ ဒါပေမယ့် ကျွန်မကတော့ မြွေမ ဖြစ်လိမ့်မယ်လို့ တင်တာပဲ"

"ဘာရယ်"

"ဩော်၊ အဲဒီတုန်းက အသတ်ခံလိုက်ရတာ မြွေမဖြစ်မယ် ထင်တယ်လို့ပြောတာလေ ခုန တွေ့လိုက်တယ် မဟုတ်လား၊ လာကိုက်တာက မြွေထီး"

"ဟုတ်လား မြင်တော့ မြင်တယ်၊ ဒါပေမယ့် မြွေထီးမြွေမ ဘယ်လိုခွဲသိနိုင်မှာလဲ ပြီးတော့ အဲဒါပေါ်မူတည်ပြီးကော ပြောလို့ရမလား၊ ဟိုး အရင်တုန်းက ကိစ္စနဲ့ အခုက တခြားစီပဲဟာကို"

နန်းရှင်က ဘာမှ ပြန်မပြောတော့ပါ။

ခုတလော သူမထံတွင် မြင်နေကျဖြစ်သည့် အသိရခက်သော မျက်ဝန်းလေးအတိုင်း ရှိနေဆဲ။

နားမလည်နိုင်တော့တာတွေ များလာသည့်

www.burmeseclassic.com

www.burmeseclassic.com



အဆုံး နန်းရှင်မှာ သက်ပြင်းကိုသာ ချမိပါလေတော့သည်။

ဖွံ့ဖြိုးပြင်ဆင်



[၇]

ဦးဘမင်း မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မြွေကြီးတစ်ကောင် သူ့ရှေ့တွင် ရောက်နေသည်ကို တွေ့ရလေ၏။

မဟုတ်ဘူး မဟုတ်ဘူး။ သူက မြွေရှေ့ရောက်နေရတာပါ။ မျက်လုံးသေးလေးလေးများက ပြာလဲ့လဲ့ အရိပ်တစ်မျိုး သန်းလျက်ရှိ၏။ ပါးပြင်းကြီးထောင်ထားလိုက်ပုံက လူတစ်ရပ်စာမျှမြင့်၏။ သူနှင့် မျက်နှာချင်းဆိုင်တည့်တည့်။

ထိုမြွေကြီးက ဘေးဘယ်ညာသို့ ညင်ညင်သာသာလေး လှုပ်ယိမ်းနေလေ၏။ သူကလဲ မြွေယိမ်းသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လိုက်ယိမ်းနေမိသည်။

တဖြည်းဖြည်း ကြည့်ရင်း ကြည့်ရင်းနှင့် မြွေ၏ မျက်လုံးလေးများက အပြာရောင်လဲ့လဲ့မှ အရောင်တစ်မျိုးပြောင်းလာလေ၏။

အနီရောင်။

သွေးဆာနေသော အနီရောင်တောက်တောက်။

တဖြည်းဖြည်းနှင့် သူ့အာရုံတွေ ဝေဝေဝါးဝါးဖြစ်၍လာလေ၏။ လေးလံအင်အားကြီးမားလှသော တစ်စုံတစ်ရာက သူ့နှလုံးသားကို ဖိဆီးဆုပ်ကိုင်နေသကဲ့သို့။

သူ ချက်ချင်း သတိပြုမိလိုက်၏။

ငါကို ညှို့နေတာပဲ၊ အန္တရာယ်အနံ့ကို ထင်ထင်ရှားရှားရလိုက်လေ၏။

သူ့မျက်လုံးများကို မှိတ်ထားလိုက်၏။

မြွေက မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်။ နှလုံးသားကို ဆုပ်ညှစ်ဖိဆီးနေမှုလည်း ပျောက်ကွယ်သွား၏။ တော်သေးသည်။



ထိုစဉ်မှာပင် အသံတစ်ခုကို သူထင်ထင်ရှားရှားကြားလိုက်ရလေ၏။ သူနှင့် အင်မတန်ရင်းနှီးနေသောအသံဖြစ်သည်။ ခေါ်သံ၊ သူ့အားခေါ်နေသောအသံ။

သူ့ညီ မောင်ဘဝင်း၏ ခေါ်သံဖြစ်လေသည်။

မောင်ဘဝင်းက သေသွားတာ ကြာလှပြီပဲ။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သို့သော် အသံက အဆက်မပြတ်ထွက်ပေါ်၍သာ လာလေသည်။

ကြားနေတာကလည်း မြွေရှိရာအရပ်မှတည့်တည့်။

ဒါဟာ ငါ့ကိုလှည့်ဖျားနေတာပဲ။ သူသိသော်လည်း ထိန်းချုပ်ဖို့ရာ ခက်လှချေ၏။ တစ်ဦးတည်းသောအချစ်ဆုံးညီငယ်၏ အသံမို့ မျက်စိဖွင့်ကြည့်ချင်လွန်းလှမိတော့သည်။

သို့သော် စိတ်ကို အတင်းထိန်း၏။

သို့သော် တစ်ချက်အလစ်အငိုက်တွင် သူ့မျက်လုံးများဖွင့်လိုက်မိပြီး ဖြစ်နေလေတော့သည်။

အံ့ဩစရာကောင်းလှပါချေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တည့်တည့်တွင် သူ့ညီ မောင်ဘဝင်း ရောက်နေလေ၏။

ပြုံးရင်း သူ မောင်ဘဝင်းအား ကြည့်လိုက်သည်။ မောင်ဘဝင်းကလည်း သူ့ကိုပြန်ကြည့်နေလေ၏။ သို့သော် ထူးခြားနေသည်က ယင်း၏ မျက်လုံးများပင်။

မောင်ဘဝင်း၏ မျက်လုံးလေးများသည် သေးငယ်စူးရှ၍နေ၏။ ပြီးတော့ သွေးနီရောင်သန်းနေလေသည်။ ဒါ မောင်ဘဝင်းမျက်လုံးတွေ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီမျက်လုံးတွေကို ငါအသေအချာ မြင်ဘူးပါတယ်။ သူ့အတွေးတွေ ရောက်ယက်ခတ်နေမိတော့သည်။

ထိုစဉ်မှာပင် မောင်ဘဝင်းက …

ဘေးဘယ်ညာသို့ ညင်ညင်သာသာလေး လှုပ်ယမ်းလိုက်လေသည်။ သူသည်လည်း အလိုက်သင့် လှုပ်ယမ်းလိုက်မိ၏။

ထိုအချိန်မှပင် သူ့ရင်ထဲ ကြောက်ရွံ့ခြင်းပြင်းစွာ



သတိရလာမိတော့၏။

ဒီ မောင်ဘဝင်းရဲ့မျက်လုံးတွေဟာ မြွေရဲ့ မျက်လုံးတွေပဲ။ ငါ့ကို ညို့နေတဲ့ မြွေမျက်လုံးတွေ။ ဒါဆို မောင်ဘဝင်းဟာ …

ကြည့်နေရင်းမှပင် မောင်ဘဝင်း၏ပြုံးနေသော မျက်နှာသည်မြွေမျက်နှာအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲ၍သွားလေတော့၏။

သူ့နှလုံးသားတွေလည်း ပြင်းထန်စွာပြန်လည် ဆုပ်ညှစ်ခံရပြန်လေပြီ။

မြွေကြီး၏ ဘယ်ညာယိမ်းနွဲ့မှုက တဖြည်းဖြည်း ပိုမြန်ဆန်လာ၏။ သူလည်း လိုက်ယိမ်းနွဲ့နေရသည်။ ကိုယ့်ကိုယ်ကို ထိန်းကွပ်ခြင်းငှာ ဘယ်လိုမှ မစွမ်းသာတော့။

မြွေကြီးမှာ တစ်စစ သူ့မျက်နှာနှင့် အရမ်းနီးကပ်လာလေ၏။ ထို့နောက် ပါးပြင်းခွက်ခွက်ကြီးက ပိုလို့ ကြီးမားလာ …

ဆတ်ကနဲ ငုံ့ကိုင်းလာပြီး …

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ခုံးနှစ်ခုကြား မျက်မှောင်တည့်တည့်သို့ တရှိန်ထိုးပေါက်လိုက်လေတော့၏။

မျက်ဝန်းထဲ မီးပွားများစွာ လွင့်ပြာသွားသည်။

အာရုံသည်ခန္ဓာကိုယ်နှင့် ကင်းလွတ်သွားသည့်နှယ်ရှိ၏။ သိစိတ်အားလုံးအပြီးသတ်။ ဘေးဘီဝန်းကျင် လောကတစ်ခုလုံး မှောင်ကျ။

## "အား"



## "အား"

အော်သံကြီးတစ်ခုနှင့်အတူ ရုတ်တရက်လန့်နိုး လာသည့်အခါ ဦးဘဝင်း တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲရွှဲစိုနေခဲ့လေသည်။

အိပ်မက်မက်နေတာပဲ ... ဟုသိလိုက်ရသော အသိက လူကိုအတော်လေး စိတ်သက်သာရာရသွား စေခဲ့လေ၏။ ဒါပေမယ့် ကြောက်စရာကောင်းလွန်းတဲ့ အိပ်မက်ကြီးပါပဲ။

အပြင်တွင် နံနက်ခင်း အတော်နေမြင့်နေပြီမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်သည်။ နေ့အလင်းရောင် တစ်စွန်းတစ်စပင် သူ့အိပ်ခန်းထဲသို့ တိုးဝင်၍လာလေပြီ။ အိပ်ရာခေါင်းရင်းရှိ ပြတင်းပေါက်ကို ဖွင့်လှစ်လိုက်၏။

သာယာသော ငှက်ကျေးအော်သံကလေးများဖြင့် အိမ်ပြင်ပမြင်ကွင်းကို ဘွားကနဲ မြင်တွေ့လိုက်ရလေသည်။

ထိုစဉ်မှာပင် ...

ထူးဆန်းသောအဖြစ်တစ်ခုအား သွားသတိပြုလိုက်မိလေ၏။

အိမ်အပြင်တွင် လူတစ်ယောက်ရပ်နေခြင်းပင်။

သူ့အိပ်ခန်းအပြင် ရှေ့တည့်တည့် ဝါးတစ်ရိုက်မျှ အကွာမှာ ရပ်နေခြင်းဖြစ်၏။

ဦးဘမင်းအဖို့ ဒေါသဖြစ်သွားသည်ထက် အံ့အားသင့်သွားသည်က ပိုပါသည်။

နံနက်စောစောစီးစီး သူ့အိပ်ခန်းရှေ့ လာရပ်နေသူမှာ နန်းရှင်ဖြစ်နေခြင်းပင်။ သို့သော် သူမအသွင်က ထူးခြားလွန်း၏။



တောင့်တောင့်ကြီး တင်းတင်းမတ်မတ်ရပ်နေခြင်းဖြစ်သည်။ မျက်နှာကိုမော့ ...

မျက်လုံးများက သူရှိနေရာတည့်တည့်သို့ အစွမ်းကုန် စူးစိုက်ကြည့်လျက်။ မျက်ခုံးနှစ်ဘက်အား ရှုံ့ထားလိုက်သည်မှာ အကြောတွေ ပြတ်ထွက်လုအောင်ပင်။ ကြည့်နေသော်လည်း ဦးဘမင်းအား လုံးမြင်ပုံမရ။ သူမအသွင်မှာ ဖတ်ညို့ပဲ ခံထားရသလို ဒါမှမဟုတ် ညို့ပဲညို့နေသလိုလို။

ဘယ်အချိန်ထဲက သူမထိုသို့ လာရပ်နေသည် မသိ။ ဒါဆို ခုနက ဦးဘမင်းအိပ်မက်ဆိုးမက်ရခြင်းက သူမနှင့်များ ဆက်စပ်မှုရှိနေသလား။

ခုနမက်သော အိပ်မက်ကလည်း ထူးထူးခြားခြားရှိလောက်အောင်ပင် အသည်းထိတ်စရာကောင်းလှသလို ပီလည်းပီပြင်လွန်းလှချေ၏။

ဦးဘမင်းသည် ဒေါသဖြစ်စွာဖြင့် နန်းရှင်အား အော်ငေါက် နှင်လွှတ်ပါတော့သည်။

ထိုအခါမှာလည်း နန်းရှင်တုံ့ပြန်ပုံက ထူးခြား

www.burmeseclassic.com

www.burmeseclassic.com



နေပြန်ပါသည်။ ခါတိုင်းလို ဦးဘမင်းအား တုံပြန်ရန် တွေလိုခြင်းမျိုးမရှိ။ ဆတ်ကနဲလှည့်ကာ နာခံစွာ ထွက်ခွာသွားလေ၏။

သို့သော် လှည့်ထွက်မသွားခင်မှာ ဦးဘမင်းအား ဗလုံးဗထွေးစကားတစ်ခွန်းကိုတော့ မပီမသ ပြောသွားသေး၏။

ဦးဘမင်းဖို့ ခေါင်းနပန်းကြီးစရာဖြစ်သွားရသည်က ထိုအသံမှာ သူ့ညီ မောင်ဘဝင်း၏အသံနှင့် အရမ်းဆင်တူနေခြင်းပင်။

ဘယ်လိုတွေလဲ?

ခုနတင်၊ အိပ်မက်ထဲမှာ မောင်ဘဝင်းအသံကို ကြားလိုက်ရသေး၏။

ဝေခွဲမရသော်လည်း ဦးဘမင်းဖို့မှ အဖြေမရှိခဲ့လေတော့။ နန်းရှင်အားလှမ်းကြည့်သည့်အခါ အတော်ဝေးဝေးသို့ ရောက်ရှိသွားခဲ့လေပြီ။



[၈]

"အဲဒီကောင်မလေးက ထူးဆန်းနေတာတော့ အမှန်ပဲဆရာ ဒါမှမဟုတ် တမင်များလုပ်နေသလား"

"တမင်တော့ မဟုတ်ဘူးကွ ငါသေချာလေ့လာ ကြည့်ပြီးပြီ တစ်ခါတစ်လေ သူကိုယ်သူတောင် ဘာလုပ်လို့လုပ်မိမှန်း သိလိုက်ပုံမပေါ်ဘူး"

"ဒါဆို သူ့ကိုတစ်ခုခုများ ပူးကပ်လာတတ်တာမျိုးလား မမြင်ရတဲ့ အမှောင့်ပယောဂတစ်ခုခုလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒီလောက်ထိကြီးတော့ ပုံကြီးချဲ့ပြီး တွေးမနေစမ်းပါနဲ့ကွာ၊ အဲဒီလိုမျိုးတွေတကယ် မရှိပါဘူး"

တပည့်ဖြစ်သူက ဦးဘမင်းမျက်နှာအား မဝံ့မရဲ တစ်ချက် အကဲခတ်လိုက်သည်။

"ဒီလိုဆိုရင်တော့ ဆရာပြောတာတွေကို တွက်ကြည့်ရရင် သူဟာ တစ်ခုခုက ဝင်စားတာဖြစ်မယ် ထင်တယ်"

"ဘာ တစ်ခုခုဝင်စားတယ် ဟုတ်လား"

"ဟုတ်တယ် မောင်ဘဝင်းဝင်စားသလား မသိဘူး"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ငါ့ညီဝင်စားတဲ့သူက ငါ့တွေတာနဲ့မှန်းသလိုပုံစံဖြစ်နေပါ့မလား"

"အင်း ဟုတ်တယ် ဒီလိုဆိုတော့ မောင်ဘဝင်းဝင်စားတာတော့ မဟုတ်နိုင်ပြန်ဘူး၊ ဒါဆို ဘာများဖြစ်မလဲ ဟင်"

"ဘာမှမဟုတ်ဘူး၊ မင်းလျှောက်အတွေးခေါင်



မနေနဲ့ ဘယ်နှယ့် ငါကအတိုင်အပင်ရမလား မင်း ပြောပါတယ်၊ လာပြီး ထင်ရာမြင်ရာတွေ စွပ်ပြောနေတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ စိတ်မရှိပါနဲ့ ဆရာရယ် ကျွန်တော်က အတွေးချော်သွားမိလို့ပါ၊ ဒါပေမယ့် ပန်းနွယ်နဲ့ ပတ်သက်တဲ့ ကိစ္စကတော့ ကျွန်တော့်အကြံယူစရာမှမလိုတာ ဆရာ့လက်ထဲရောက်နေပြီဟာပဲ"

"ဟေ့ကောင်ဒီမှာမှတ်ထား မိန်းမတစ်ယောက်ဟာ သူ့ခန္ဓာကိုယ်ကို မပိုင်သေးသ၍ ကိုယ့်လက်ထဲ ဘယ်တော့မှ မရောက်သေးဘူးကွ"

"ဆရာက ခန္ဓာကိုယ်ပဲ ပိုင်ချင်တာလား သူ့ရင်ထဲက အသည်းနှလုံးကိုကော"

"ဟာ အဲဒါ ခပ်ကြောင်ကြောင် ဇာတ်ရှင်ကားတွေထဲမှာပဲ ရှိပါတယ်ကွာ၊ ခန္ဓာကိုယ်တစ်ခုလုံး ပိုင်မှတော့ အသည်းနှလုံးလည်းပိုင်ပြီပေါ့ အချစ်ဆိုတာ ကြာရင်သူ့အလိုလိုဖြစ်သွားတာ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ အတွေးအခေါ် ဆရာရယ်၊ ဒါဆိုလဲ ဘာလို့ အချိန်ဆွဲနေတော့မလဲ လုပ်စရာရှိတာ မြန်မြန်သွက်သွက်လုပ်ရောပေါ့"

"ဒါပေမယ့် အဲဒီလို အတင်းအကြမ်းကြီး လုပ်လို့ကောင်းပါ့မလားလို့ ငါစဉ်းစားနေတာ"

"ဟာ ဆရာကလည်း ကိုယ့်လက်ခုပ်ထဲကရေ ဘာများငဲ့နေစရာရှိလဲ မကြာခင်လည်းယူတော့မယ့်ဟာပဲကိုး လုပ်စရာရှိတာ မြန်မြန်လုပ်စမ်းပါ"

ဦးဘမင်း၏ မျက်နှာပေါ်တွင် လျှို့ဝှက်သော အပြုံးတစ်ခုပေါ်လာလေသည်။ မုတ်ဆိတ်မွေး ငုတ်စိကလေးများအား လက်ဖြင့် ပွတ်သပ်ရင်း ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်၏။

"ဟုတ်တယ်နော် ငါသိပ်တွေဝေနေလို့မဖြစ်ဘူး"

"ဒါပေါ့ဆရာရယ်၊ ကျွန်တော်က ပြောချင်နေတာကြပြီ မပြောဝံ့လို့"



ထိုစဉ်မှာပင် သူတို့ စကားဝိုင်းအား ရုတ်တရက် ဖျက်ဆီးမည့်တစ်စုံတစ်ရာသည် ရောက်ရှိလာခဲ့လေတော့၏။

ထိုအရာမှာ မြွေတစ်ကောင် ဖြစ်လေသည်။

လေထဲမှ လွင့်ဝဲရောက်ရှိလာခြင်းဖြစ်၏။ ကျလာသည်ကလည်း ဦးဘမင်း ရင်ဘတ်ဆီတည့်တည့်။

ရုတ်တရက်မို့ ဦးဘမင်းမှာ လန့်ပြီး ထခုန်မိမတတ် ဖြစ်သွားရလေ၏။ မြွေက သူ့ရင်ဘတ်ပေါ်မှ တစ်ဆင့်ကြမ်းပေါ်သို့ လျှောကျသွားခဲ့လေ၏။ အနားမှာရှိနေသော တပည့်ဖြစ်သူသည်လည်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရ၏။

"မြွေ ... မြွေကြီးပါလား"

သို့သော် ထိုမြွေသည် ...

ရင်ဘတ်ပေါ်သို့ ကျခဲ့သော်လည်း ဘာအန္တရာယ်မှမပေးပါ။ ကြမ်းပေါ်တွင်လည်းအထူးသဖြင့် ငြိမ်သက်နေသည့်အတွက်ကြောင့် ဦးဘမင်းတို့မှာ ကြောင်အမ်းသွားရလေ၏။

www.burmeseclassic.com



မြွေကို စေ့စေ့စပ်စပ်ကြည့်မိသည်။

ထိုအခါမှပင် ကလေးဆော့သော အရုပ်မြွေ ဖြစ်နေကြောင်းတွေ့ရလေသည်။

ဦးဘမင်းမှာ အရမ်းပင် ဒေါသထွက်သွားရ၏။

"ဒါ ဒါ ဘယ်သူ့လက်ချက်လဲ"

ထိုအချိန်မှာပင် ထမင်းချက်သော ဒေါ်အေး၏ သားကလေးဖြစ်သော ညီညီ အနားရောက်လာလေ၏။

"ဒါ မင်းမြွေလား"

"ဟုတ် သားက ခွေးလေးကို လှမ်းစရင်းနဲ့ပစ် လိုက်မိတာပါ"

"တောက်! အဲဒါ ငါ့ဆီကုမှ တည့်တည့်ပစ်ရ သလား ကဲကွာ ကဲကွာ"


ဦးဘမင်းသည် မြွေရုပ်ကလေးအား တစ်စစီ ဆွဲဖဲ့ချိုးလိမ်လေတော့၏။

ကလေးက လန့်ပြီး ငိုသည်။ အသံကြားကာ ပြေးလာသော ကလေးအမေဒေါ်အေးက ကလေးကိုချော့ ခေါ်သွားလေ၏။



ဦးဘမင်းမှာတော့ ဒေါသတွေကြီးနေဆဲ။

အရမ်းလည်း ကြောက်လန့်နေဆဲဖြင့် မြွေကို အဆက်မပြတ်ချိုးလိမ်နေသည်မှာ မှုန်မှုန်ညက်ညက်ကြေ သွားမတတ်ပင် ဖြစ်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[၉]

နံနက်အစောကြီး၌ …

နန်းရှင်အား ဦးဘမင်းက ထူးခြားစွာ မြင်တွေ့လိုက်ရပြီးသည့်နောက် မကြာမီမှာပင် သူမအား အလားတူ မြင်တွေ့ရသောသူတစ်ယောက် ရှိပြန်လေသည်။

ထိုသူမှာ ကိုအောင်ထွန်းဖြစ်ပါလေ၏။

သူကတော့ အိမ်မက်မက်အပြီးမှာတွေ့ခြင်းမဟုတ်။ သို့သော် သူတွေ့သည်ကလဲ ဝေလီဝေလင်းမှာပင် ဖြစ်လေသည်။

နံနက်စောစော လေကောင်းလေသန့် ရှူရင်း ကိုအောင်ထွန်းတစ်ယောက် ဟိုဟိုဒီဒီငေးမိစဉ်တွင် ခြံထောင့်တစ်နေရာ၌ နန်းရှင်အား တွေ့လိုက်ရပါလေ



တော့သည်။

"ဒီကောင်မလေး ဘာလုပ်နေတာလဲ"

အဝေးမှ လှမ်းမြင်လိုက်ခြင်းမှာပင် ကိုအောင်ထွန်း အသံထွက်ကာ တီးတိုးရေရွတ်မိလေ၏။ နန်းရှင်အသွင်က တစ်စုံတစ်ခုကို တကယ်စိတ်ဝင်တစားလုပ်ဆောင်နေသလိုပင်။

မြေကြီးပေါ် အသေအချာပုံ့ပုံ့လေး ထိုင်လျက်။ တစ်စုံတစ်ရာအား တူးဆွနေသလိုလို။

"ဟော့ ဘာလုပ်နေတာတုန်း"

ကိုအောင်ထွန်းက လှမ်းအော်မေးလိုက်သောအခါ နန်းရှင်က ခေါင်းလေးငဲ့ကာ ပြုံးရင်းလက်ပြသည်။ ဘာမှတော့ မပြော။

ထိုနေရာမှာ ဦးဘမင်းထိုင်နေကျနေရာဖြစ်မှန်း အမှတ်ရလိုက်မိသော်လည်း နန်းရှင်၏ ယခုအပြုအမူနှင့် ဆက်စပ်၍တော့ မတွေးမိခဲ့ပါ။

ဆက်စပ်လောက်စရာကိုလည်း မစဉ်းစားမိ၍ ဖြစ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ညနေခင်းကျမှ ပေါ်လာခဲ့ခြင်း ဖြစ်၏။

ထိုနေ့က ဦးဘမင်းမှာ အလုပ်ရှုပ်နေသဖြင့် အိမ်မှာမရှိ။ ထို့ကြောင့် ညနေတိုင်း ခြံထဲထွက်ကာ သူထိုင်နေကျနေရာလေးမှာ မထိုင်ဖြစ်ခဲ့သည်ဖြစ်၏။

ထိုသို့ရှိစဉ် ဦးဘမင်း၏တပည့်တစ်ယောက်က ထိုနေရာသို့ရောက်သွားခဲ့လေသည်။ သူကတော့ ဘာရယ်မဟုတ်ပဲ သာယာသော ပတ်ဝန်းကျင်ကလေးမှာ သူ့ဆရာအလစ်သွားထိုင်ခြင်းဖြစ်ပါလေသည်။

သို့သော်… ယင်းမှာ တိုက်တိုက်ဆိုင်ဆိုင် သူ



ကံဆိုးဖို့ ဖြစ်သွားခဲ့ရပါလေတော့၏။

**'အား'** ကနဲ အော်သံနက်ကြီးကို တစ်ခြံလုံး ကြားလိုက်ရလေ၏။ ထို့ကြောင့် အသံကြားရာသို့ ပြေးလာခဲ့ကြသည်။

သို့သော် အော်လိုက်သူ၏အနီးသို့ တိတိပပ မကပ်နိုင်။ အကြောင်းမှာ သူ့နားပတ်လည်ဝိုင်းနေသော အကောင်များကြောင့်ပင်တည်း။

''မြွေတွေ … မြွေတွေပါလား''

''ဟုတ်ပါရဲ့၊ ဒီလောက် မြွေတွေအများကြီး ဘယ်ကရောက်လာရတာလဲ''

လူတွေက တစ်ယောက်တစ်ပေါက်သာ ရေရွတ်နေကြသော်လည်း ဘာလုပ်ရမှန်းမသိကြ။ ဘာမှမရှိသောမြေနေရာတွင် ရုတ်ချည်းမြွေတွေရောက်လာပုံက ထူးဆန်းသလို ကြောက်မက်ဖွယ်ကောင်းလွန်းလှချေ၏။

မြွေတွေမှာ …

တရှီးရှီး အော်မြည်လျက်။ တစ်ကောင်ပေါ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်လိမ်ယုက်ရစ်ပတ်ကာ နေကြလေ၏။

"လုပ်ကြပါဦး ကျွန်တော့်ကို ပေါက်တော့မယ် ဗျ"

သူက ဝါးပက်လက်ကုလားထိုင်အပေါ်မှာ ထရပ်နေခြင်းဖြစ်၏။ တုန်လှုပ်မှုဖြင့် သူ့တစ်ကိုယ်လုံး ချွေးဒီးဒီးကျဆင်း၍နေသည်။

"ဘယ်လိုလုပ် ဒီမြွေတွေက ဒီမှာရှိနေရတာ တုန်း"

"မသိဘူး၊ ကျွန်တော် ကုလားထိုင်ပေါ်က ထမယ်လည်းလုပ်ရော အောက်မှာ ရောက်နေ ကြတာပဲ"

ဦးဘမင်းသာဆိုပါက မြွေအားလုံးကို သတ်ဖို့ အားထုတ်ပေလိမ့်မည်။

"ဟဲ့ သွားကြစမ်း ရှူး ရှူး"

မြွေတွေကို တတ်နိုင်သလောက် သူတို့ ဝိုင်း မောင်းကြ၏။ တစ်ယောက်က တုတ်တံရှည်ကလေး တစ်ခုဖြင့် တွန်းထိုးခြောက်လှတ်သည်။



သို့သော် သူ့တုတ်နှင့် မြွေတစ်ကောင်၏ခန္ဓာ ကိုယ်အားထိတို့လိုက်စဉ်မှာပင် ထိုမြွေက ႀုးကနဲအော်ကာ ပါးပြင်ကြီး ထောင်လာလေတော့သည်။

"သတိထား အရမ်းမလုပ်နဲ့"

ထိတ်လန့်တကြား သတိပေးကြသည်။

ကိုအောင်ထွန်းက အကြံတစ်ခုရလိုက်၏။

"ဟိုမှာ ဟိုအနားက သစ်ပင်ရဲ့အကိုင်းက ဒီ ဘက်ဖြာကျနေတာပဲ အဲဒီသစ်ပင်ပေါ်ကနေ သာ တက်ပြီး ရှောင်သွားဖို့လုပ်ပေတော့"

"ဘယ်လိုလုပ်မှာလဲဗျ"

သူ့ကို ဝိုင်းမေးကြသည်။ ကိုအောင်ထွန်းက အနားရှိနေသူကို စေခိုင်းလိုက်၏။

"သွားကွာ အိမ်ညှော့ခန်းထဲမှာ နိုင်လွန်ကြိုးခွေ ကြီးရှိတယ်၊ သွားယူစမ်း"

ထိုလူ ကြိုးယူရန် ပြေးသွားလေ၏။

"ကြိုးနဲ့ ဘာလုပ်ဖို့လဲ"

"တစ်ယောက်က သစ်ပင်ပေါ်တက်ပြီး ဖြာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတဲ့ အကိုင်းကတစ်ဆင့် ကြိုးချပေးမယ်လေ၊ အဲဒီကြိုးကိုအားယူပြီး သစ်ပင်ပေါ် သူတွယ်တက်နိုင်ရင် လွတ်ပြီပေါ့''

သို့သော် … တကယ်လုပ်စဉ်မှာတော့ ထိုမျှမလွယ်ကူခဲ့ပါ။ ကြိုးကိုတွယ်တက်ရာမှာ ကြောက်လည်းကြောက် ချွေးစေးတွေနှင့်လည်း လက်တို့ စိုကပ်နေသောကြောင့် ဖြစ်လေသည်။

ကြိုးပေါ်ကို လက်မြဲမြဲတွယ်တက်နိုင်အောင်အတော်ကြိုးစားနေရ၏။

ဒီကြားထဲ အောက်ကမြွေတွေကလည်းတရှီးရှီးတရှားရှား အသံပေးနေကြလေသည့်အခါ တွယ်တက်သူမှာ တုန်ကနဲ တုန်ကနဲ ဖြစ်၍သွားလေ၏။

အားလုံးစိတ်လှုပ်ရှားမှုဖြင့် ဝိုင်းကြည့်နေကြလေ၏။ တွယ်တက်သူမှာ ကြိုးပေါ်သို့ တစ်ရစ်ပြီးတစ်ရစ်။ လူတစ်ကိုယ်လုံး ကုလားထိုင်ပေါ်မှကြွကာ မြေပြင်နှင့် ဝေး၍ ဝေး၍လာပြီး သစ်ပင်ပေါ်ရောက်ဖို့ နီး၍နီး၍လာလေပြီ။



''တက်ထား တက်တား''

အားလုံး၏ စိတ်ထဲတွင် အသံတိတ်မြည်ကျွေးနေမိကြလေ၏။

မြွေတွေကလည်း သိများနေသည်လားဟုပင်ထင်ရပါသည်။ တရှီးရှီးတရှဲရှဲအသံက ပို၍ပင်ကျယ်လောင်၍လာတော့၏။

ကြိုးအား တရွေ့ရွေ့တွယ်တက်သွားလိုက်သူမှာတော့ သစ်ပင်ဆီ ရောက်ပါလေတော့မည်။

ထိုစဉ်မှာပင် …

သစ်ပင်ကိုင်းအား လက်လှမ်းမီရန် လက်တစ်ကမ်းအလို မြွေတွေရန်မှ လွတ်လုဆဲဆဲမှာပင် …

ရုတ်တရက် သစ်ကိုင်းများက လူ၏ဝန်အားကိုမခံနိုင်စွာ ကျိုးကျပါလေတော့သည်။

'ဂျွတ်' ကနဲ မြည်သံနှင့်အတူအားလုံး မျက်လုံးတွေပြူးကုန်ကြလေ၏။ သစ်ပင်ပေါ်မှလူက ကြိုးကိုအားတင်း ဖမ်းဆွဲထားလိုက်၏။

တွယ်တက်နေသူမှာ ကြိုးတွင်တွဲလဲ ဖြစ်၍သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျိုးကျသောသစ်ကိုင်းခြောက်အပိုင်းအစသည် မြွေအုပ်ထဲ တည့်တည့်ကျသွားလေ၏။

အောက်၌ရှိနေသော မြွေအုပ်ထဲမှတစ်ကောင်က အသျှိုးကြီးစွာ ထိုသစ်ကိုင်းခြောက်ကို ပေါက်လိုက်လေ၏။ ကြည့်နေသူများအားလုံး အသည်းယားရှသွားသည်။ ထိုနေရာမှာ လူသာဆိုလို့ကတော့ တစ်ခါတည်း ပွဲချင်းပြီး နေမှာပဲ။

ဟိုလူက အတင်းအားတင်းကာ တက်သည်။ လက်များက တစ်ဆင့်ပြီးတစ်ဆင့်၊ အထက်မှ လူက လည်း ကြိုးကို အားတင်းဆွဲထားဆဲ။

ဤသို့ဖြင့်ပင် တရွေ့ရွေ့ သစ်ပင်ပေါ်ရောက် သွားလေတော့သည်။

အားလုံး 'ဟေး' ကနဲ ဝိုင်းအော်မိကြလေ၏။

ဟိုလူနှစ်ယောက်မှာ ပျော်ရွှင်စွာ သစ်ပင်ပေါ်မှ ဆင်းလာကြ၏။ သူတို့ သစ်ပင်အောက်ရောက်လုလုမှာပင် ကိုအောင်ထွန်းအကြည့်က တစ်နေရာသို့ရောက်သွား ခဲ့လေ၏။



မြွေတစ်ကောင်။

သစ်ပင်ခြေရင်း၌ အသင့်စောင့်ဆိုင်းနေခြင်းပေ တည်း။

လှမ်း၍ သတိပေးလိုက်ချင်သည်။ သို့သော် မမှီလိုက်တော့။ သစ်ပင်ပေါ်မှ ဆင်းသက်လာသူများ မြေပေါ်ခြေအချ။ မြွေက တစ်ခါတည်းပေါက်ချလိုက် ပါလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းပြဿနာတွေက ပိုရှုပ်ထွေး၍သာ လာလေတော့သည်။

လူတွေက လန့်လည်း လန့်ကုန်ကြလေ၏။

အားလုံး၏ မျက်စိရှေ့မှာတင် လူတစ်ယောက်လုံး သေသွားခဲ့တာ မဟုတ်လား။ ထိုအခါ လူတိုင်းလိုလို၏ လက်ညှိုးများက နန်းရှင်ဆီသို့သာ စုပြုံကျရောက်ခဲ့ပါလေတော့သည်။

ထိုနေ့က နန်းရှင်တူးဆွထားခဲ့သော နေရာမှာ မြွေများရောက်နေခြင်းဖြစ်သလို ထိုမြွေတွေပိုင်းလျက် ပြဿနာတက်နေကြတုန်းမှာလည်း ယင်းနေရာနှင့်



မလှမ်းမကမ်းမှာ နန်းရှင်ကို မြင်လိုက်ရသည်တဲ့။

ကိုအောင်ထွန်းကတော့

“ဒါ တိုက်ဆိုင်တာတွေပါ အယူမသီးကြပါနဲ့”

ဟု လိုက်လံပြောပေးရှာ၏။ သို့သော်လူတွေက ဆင်ခြင်တုံတရားကင်းမဲ့ကုန်ကြ၏။ ကြောက်ရွံ့မှုဖြင့် သွေးရူးသွေးတန်းဖြစ်ကုန်ကြသည်။

ပိုဆိုးသည်က အိမ်ခြံဝင်းတစ်နေရာမှ ထူးဆန်းသော ကြေးထွင်းဆိုင်းဘုတ်တစ်ခုရလာခြင်းပင်။ ကြေးပြားပေါ်၌ နာဂရိပ်မြုံဟူသော စာလုံးကို မြွေနှစ်ကောင်ဘယ်ညာပတ်ထားသောပုံ ရေးထွင်းထားလေ၏။

တစ်ချို့ကပြောကြသည်။

ယင်းမှာ ဒီအိမ်ကြီး၏ မူလနာမည်ကို ရေးထိုးထားခြင်းပါတဲ့။ ယခင့်ယခင် ပိုင်ရှင်များလက်ထက်မှာ ဒီအိမ်ကြီးတွင် မြွေတွေမွေးထားခဲ့သည်ဆိုလား။

ဒီလောက်မြွေကြောက်သော ဦးဘမင်းအဖို့ ဒီလိုအိမ်ကြီးမှာမှ နေဖြစ်ခဲ့ခြင်းက အတော်မဆီလျော်လှသော တိုက်ဆိုင်မှုပင်ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြွေတွေက အရင်က မထွက်ပေါ်လာပဲ အခုမှ ဘာကြောင့် သောင်းကျန်းနေရတာလဲ။

လျှောက်တွေးကြရင်း ကိုယ့်ဖာသာအဖြေတွေ ပြန်ပေးကြ၏။

"အချိန်အခါမသင့်သေးလို့ အရင်က မြွေတွေ ထွက်မလာသေးတာ နေမှာပေါ့" ... တဲ့။

ဒါဆို အခုကော ဘာအတွက် အချိန်အခါသင့်ခဲ့ပြီလဲ။ သူတို့ကြောက်ရွံ့နေမှုများ၏ ဟိုမှာဘက်တွင် ကြမ်းတမ်းလှစွာသော မရဏတရားစောင့်ဆိုင်းနေ၏။

အကြောက်တရားနှင့်တွေတော့ လူတွေ ရိုင်းစိုင်းကုန်ကြလေသည်။ မိမိအသက်ကိုမိမိ မက်မောစွာ တွယ်ဖက်ထားလိုသော ဆန္ဒငယ်လေးအတွက် အံ့တုစရာရှာကြသည်။

နန်းရှင်ကို သက်မကင်းစရာအဖြစ် အားလုံးသဘောတူညီကြလေ၏။ ကိုအောင်ထွန်းတစ်ယောက်ကလွဲလို့ပေါ့။

ဒါတွေအားလုံးရဲ့ လက်သည်ဟာ နန်းရှင်ပဲ။



သူမနဲ့ တနည်းမဟုတ် တစ်နည်းပတ်သက်နေရမယ်။ ဒီတော့ နန်းရှင်ကို ဘယ်လို ရန်ရှာကြမလဲ။

ပိုဆိုးသည်က နန်းရှင်သည် အပျိုဖော်ဝင်စ ဖွံ့ဖွံ့ထွားထွားနှင့် အရိုင်းဆန်သောအလှတစ်မျိုးရှိနေခြင်းပင်တည်း။

ထိုသို့ဖြင့် ဦးဘမင်းက ပန်းနွယ်ကို လက်ခုတ်ထဲကရေဟု သဘောထားကာ အပိုင်သိမ်းပိုက်နိုင်ရန် ကြံစည်နေချိန်တွင် ကျန်သူများကလည်း နန်းရှင်အား အမုန်းဖြင့် ဖျက်လိုဖျက်ဆီးလုပ်လိုနေကြလေ၏။

မိန်းကလေးနှစ်ယောက်ကတော့ ဘာကိုမှမသိရှာ။ သူမတို့အတွက် ကိုအောင်ထွန်းတစ်ယောက်သာ နှားလည်ဖော် စကားပြောဖော်ဟူ၍ရှိ၏။

သူမတို့နှစ်ယောက်တည်း စိတ်ညစ်အားငယ်လေတိုင်း ကိုအောင်ထွန်းတစ်ယောက်သာ လာအားပေးနှစ်သိမ့်တတ်သည်လေ။

အားကိုးတွယ်တာမိသော ပန်းနွယ်မှာ ကြာလာတော့ ကိုအောင်ထွန်းနှင့် ရည်ငံမိကြသည်ပေါ့။

www.burmeseclassic.com



သို့သော် ထိုသို့ ...

ကိုအောင်ထွန်းနှင့် ပန်းနွယ် ချစ်သူများဖြစ်သွားခဲ့ခြင်းကပင်လျှင် သူတို့အတွက် အဆိုးဆုံးအရာများဖြစ်သွားခဲ့ရခြင်းပေတည်း။





[၁၀]

အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှချေသည်။

တစ်ညနေခင်း ...

ပန်းနွယ်နှင့် ကိုအောင်ထွန်း ခိုးဝှက်ချိန်းတွေ့ကြသည်ကို ဦးဘမင်းမိသွားခဲ့၏။

ယမ်းပုံမီးကျသည်ထက်ဆိုးအောင် ဦးဘမင်း ဒေါသထွက်သွားခဲ့ပါသည်။

သားရေပေါ်အိပ် သားရေနားစား၊ ခွေးကျင့်ခွေးကြံစသော စကားလုံးကြမ်းကြမ်းပေါင်းများစွာနှင့်အတူ ပြင်းထန်သောလက်သီးချက်များက ကိုအောင်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းမျက်နှာထက်သို့ ဆက်ကာ ဆက်ကာ။ ကိုအောင်ထွန်းကတော့ ဦးလေးအရင်းလည်းဖြစ်ပြီး သူ့ကို ငယ်ငယ်တည်းက ကျွေးမွေးခဲ့သည့်ကျေးဇူးရှင်လည်းဖြစ်သည်မို့ ဦးဘမင်းအား ဘာမှ ပြန်မလုပ်ခဲ့ပါ။

ဒီတိုင်းပေကာ အထိုးခံနေသည်မှာ အားလုံး ဝိုင်းဆွဲကြ၍သာ သူသက်သာရာရခဲ့ခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ထိုညနေမှာပင် ကိုအောင်ထွန်းမှာ အိမ်ပေါ်မှ ဆင်းသွားခဲ့ရလေတော့၏။

တစ်ကယ်တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်လိုက်ခြင်းပါပင်။ ကိုအောင်ထွန်းထွက်သွားခဲ့ရပြီးသည်နှင့် ပန်းနွယ်အား အတင်းအိမ်မကြီးပေါ်ခေါ်တင်လေတော့၏။

အကြောင်းပြချက်က ...

ကိုအောင်ထွန်း ပြန်လာနှောင့်ယှက်မှာစိုးလို့တဲ့။ ပြီးတော့ ပြောလိုက်သေး၏။

"ရွာက နင့်ဆွေမျိုးတွေဆီ ငါလူလွှတ် ခေါ်နိုင်းလိုက်ပြီ နက်ဖြန်ပဲလာကြတော့မှာ၊ ဒီတော့



သူတို့လာလို့ အလုပ်သမားဆောင်မှာ နင်အိပ်နေတယ်ဆို မကောင်းဘူး ငါ့ဇနီးဖြစ်မယ့်သူပဲ ဒီတစ်ညတော့ ငါ့အိမ်ပေါ်မှာပဲ လာနေလိုက်"

တဲ့။ ရွာကို လူလွှတ်ခေါ်ခိုင်းလိုက်ပြီဆိုသဖြင့် ပန်းနွယ်နည်းနည်းတော့ စိတ်သက်သာရာရသွားမိသည်။ အဖွားလာလို့ကတော့ အတင်းမျက်ရည်ခံထိုးကာ ဒီလူကြီးနှင့် မပေါင်းလိုကြောင်းပြောရမည်။

နဂိုကတည်းက အဖွားတို့ မေးဘူးသည်ပဲ။

ချစ်သူရှိလား၊ ရည်စူးထားသူရှိလား ... တဲ့။

အဲဒီတုန်းကတော့ တကယ်မရှိတာမို့ ဘာမှ မတတ်နိုင်ခဲ့။ ခုတော့ ကိုအောင်ထွန်းနှင့်အကြောင်းပြောပြလိုက်မည်။ အဖွားကတော့ သူမဘက်ပါလိမ့်မည်မုချ။ ဒါကို ဦးဘမင်းကြီး နားလည်ပုံမရပါ။

လောလောဆယ်မှာတော့ ဦးဘမင်းတပည့်ယောက်ျားသားတွေက အတင်းအဓမ္မ ချုပ်ခေါ်မတတ် လာခေါ်ကြတာဆိုတော့ ပန်းနွယ်ခမျာလိုက်သွားရုံပဲ ရှိတော့သည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နန်းရှင်မှာ တစ်ယောက်တည်း ငိုရှိုက်ကာ ကျန်ခဲ့ရသလို ပန်းနွယ်သည်လည်း မျက်ရည်တွေကျလျက် အိမ်မကြီးဆီပါသွားခဲ့ရလေ၏။

တိုက်တိုက်ဆိုင်ဆိုင့် ဒီညကလည်း မှောင်လွန်းလှ၏။ ညဦးယံပိုင်းဖြစ်သော်လည်း လ,က မရှိသဖြင့် မြင်မြင်လေရာ အလင်းရောက်အားနည်း၍နေသည်။

သူတို့ မိန်းမပျိုလေးနှစ်ယောက်အဖို့တော့ သူတို့ဘဝကံကြမ္မာအား နမိတ်ပြနေသည့်နှယ် ခံစားနေရလေတော့သည်။

✸



ထိုညက နန်းရှင်မှာ တစ်ယောက်တည်းအိပ်ရသည်မို့ အခန်းတံခါးများကို အသေအချာပိတ်ကာ အိပ်ရလေ၏။

ရှေ့နောက် တံခါးမနှစ်ခုလုံးအား သေချာချက်ထိုးပြီးမှ အိပ်သည်။ သို့သော် သူမတွင် အန္တရာယ်တစ်စုံတစ်ရာ ရှိလာလိမ့်မည်ဟု မထင်။

သူမက မလေးဟု ခေါ်သော၊ သူမအပေါ်လည်း အလွန်ကောင်းရှာသော ပန်းနွယ်အတွက်သာ စိတ်မောရင်း အိပ်ပျော်သွားခဲ့ပါလေ၏။

သို့သော် သူမ မသိလိုက်သည်က သူမနေထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာ အဆောင်ကလေး၏ ဘေးပြတင်းပေါက်မှာ အပြင်မှ အလွယ်တကူဖွင့်လှစ်၍ရနေခြင်းပင် ဖြစ်ပါလေသည်။

နန်းရှင် အိပ်ပျော်သွားလောက်ပြီဟုသောအချိန်မှာပင် ထိုပြတင်းပေါက်နားသို့ လူတစ်စု ချည်းကပ်လာကြလေ၏။ သူတို့အား ဦးဆောင်လာသူမှာ ဦးဘမင်းတပည့်များထဲမှ လက်ရဲဇက်ရဲဖြစ်သော လှမောင်ဆိုသူ ဖြစ်လေသည်။

မကြာသေးခင်က သူတို့သူငယ်ချင်းဖြစ်သူ မြွေကိုက်သေဆုံးခဲ့ခြင်းအား နန်းရှင်ကြောင့်ဟု စိတ်ထဲစွဲနေခဲ့ကြသလို အခွင့်သာချိန်၌ ဖျက်လိုဖျက်ဆီးလုပ်လို၍လည်း ဖြစ်ပါလေသည်။

နန်းရှင်နေထိုင်ရာ အဆောင်ကလေးဘေးသို့ ရောက်လာသည်နှင့် လှမောင်က ကျန်သူများအား လက်ပြလိုက်လေသည်။ ပြတင်းတံခါးကိုအပြင်ကမလှပ်ခင်မှာ အားလုံးကို လှည့်မှာ၏။

"ငါ ဝင်သွားမယ် မင်းတို့ အပြင်က သေချာစောင့်နေကြနော်"



"ငါတို့က ဒီတိုင်းပဲ စောင့်နေရမှာလား"

"မပူပါနဲ့ကွာ မင်းတို့အတွက်လည်း နောက်ဖြစ်လာမှာပါ၊ ဒါပေမယ့် ... ငါက ဒီကိစ္စမှာ ခေါင်းဆောင်ဆိုတော့ အရင်ဝင်သွားမယ်"

သိပ်မကျေနပ်သော်လည်း ဘာမှ မပြောသာကြချေ။

တစ်ဆက်တည်းပင် လှမောင်က ပြတင်းတံခါးကို အသံမမြည်အောင် ဖွင့်လှပ်လိုက်လေသည်။

"အထဲမှာမှောင်နေပါ့လား"

ကျန်သူများက တီးတိုးရေရွတ်ကြ၏။

လှမောင်က နောက်လှည့်ကာ တီးတိုးနေရန် အချက်ပြသည်။

"ကြားသွားရော ဘာထူးလဲကွာ၊ ခုအချိန် သူ့ကို ဘယ်သူလာကယ်နိုင်မှာမို့လဲ"

ထိုအချိန်မှာပင် နန်းရှင် အိပ်ရာထက်တွင်ညီးသံပြုကာ လူးလွန့်လိုက်လေ၏။ အပြင်တွင်ရှိနေကြသူများမှာ အမှောင်ကို အနည်းငယ်ကျင့်သားရလာပြီဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



နန်းရှင်၏ သဏ္ဍာန်ကို ဝါးတားတားလေးမြင်ယောင်နိုင်ကြလေသည်။ အချင်းချင်းလက်တို့ကာ မျက်နှာတွေစပ်ဖြီးဖြီးဖြစ်ကုန်ကြ၏။

ကောင်မလေးကတော့ ကြုံလာမည့်အန္တရာယ်အား မရိပ်မိရှာပဲ တင်ပါးလွှဲလေး ကျောပေးလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။

လှမောင်က ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲ ကျော်ဝင်သွားလေ၏။

ထိုအခန်းထဲတွင် လမ်းလျှောက်ရသည်မှာ အလင်းရောင် အားနည်းလွန်းလှသည်။ ခြေတစ်ချက်အလှမ်းတွင် ကြမ်းပေါ်ချထားသော ခွေးချေပုလေးတစ်ခုအားတိုက်မိကာ သူ့ခြေထောက်အတော်နာသွားလေသည်။

“တောက် ဒီ ခွေးချေစုတ်ကလဲ အရေးထဲ”

လှမောင် စိတ်သိပ်မရှည်တော့။ ကောင်မလေးနိုးလိုကလည်းနိုးစေတော့ဟု အကြံပေါ်မိသည်။ သူ့စိတ်ကိုက ကြမ်းတမ်းခက်ထန်သည်ပဲ။



နံရံပေါ်မှ မီးခလုပ်ကို သွားဖွင့်လိုက်၏။

အရေးထဲမှ မီးချောင်းကလည်း ဘာဖြစ်နေသည် မသိ။ စတက်တာက ခုတ်နေသလို မှိတ်တုပ်မှိတ်တုပ် ဖြစ်နေပြီး ချက်ချင်းပွင့်မလာ။

နန်းရှင်ဆီသို့သာ လှမောင်ကြည့်နေမိ၏။

မီးပွင့်သွားရင် လန့်များနိုးလာလေမလား။ နိုးလည်း မတတ်နိုင်တော့။ နိုင်အောင်သာ ချုပ်ကိုင်ရပေမည်။

မှုန့်ဝါးဝါးလေးမြင်ရသော အသွင်သဏ္ဍာန့်ကိုသာ လှမောင်တစ်ယောက် အာသာငမ်းငမ်းကြည့်မိလေတော့သည်။

ဘယ်လိုအသွင်မျိုးဖြင့်များ အိပ်ပျော်နေမလဲ။

ထိုစဉ်မှာပင် ...

မီးချောင်းပွင့်လာသောကြောင့် တစ်ခန်းလုံးလင်းထိန်သွားလေတော့သည်။

လှမောင်သည်လည်း နန်းရှင်အိပ်ပျော်နေသောမြင်ကွင်းကို မြင်လိုက်ရသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

အာမေဋိတ်သံတစ်ခုသည် ကျယ်လောင်စွာ သူ့နှုတ်ဖျားမှ ထွက်ပေါ်၍လာလေတော့၏။

သူမျှော်လင့်ထားသလို မိန်းကလေးတစ်ယောက်လုပဲစွာ အိပ်ပျော်နေသည်အား ရမက်ထန်စဖွယ် မမြင်တွေ့ခဲ့ရပါချေ။

သူ မြင်တွေ့ရသည်မှာတော့ ...

"ဟင် မြွေတွေ မြွေတွေပါလား"

အိပ်ယာတစ်ခုလုံး မြွေတွေ အပြည့်ဖြစ်နေလေ၏။ တွန့်လိမ်လျက် လှုပ်စိလှုပ်စိလျှောက်သွားနေကြသည်မှာ ခြသည်းယားစဖွယ်။

ထိတ်လန့်မှုကြောင့် လှမောင်နဖူးပြင်မှာ ချက်ချင်းဈေးချွေးတွေ ပျံလာမိ၏။

ဒီမြွေတွေအများကြီးက ဘယ်လိုလုပ်ပြီး အိပ်ယာပေါ်ရောက်နေရတာလဲ?

ခုနတင် မှုန်ဝါးဝါးအလင်းရောင်မှာ နန်းရှင်ကျောလှည့်အိပ်ပျော်နေသည်ကို မြင်တွေ့လိုက်ရသေးသည်ပဲ။ ခုတော့ မီးများဖွင့်လိုက်သည့်အခါ နန်းရှင်အသွင်သဏ္ဍာန် ပျောက်လို့ မြွေများသာဖြစ်နေခဲ့ပါလေသည်။



ကြောက်ရွံ့စိတ်သည်သွေးကြောများတလျှောက် လိမ့်ကာလိမ့်ကာ တက်လာခဲ့လေ၏။

အားကနဲ အော်ကာ လှမောင်လှည့်ပြေးသည်။ ပြတင်းဝသို့ သူကျော်ထွက်ပြီးသောအခါ စုပြုံစောင့်ဆိုင်းနေသူများက ဝိုင်းမေးကြလေ၏။

"ဘာဖြစ်တာလဲ ဘာဖြစ်လာလို့လဲ"

"အိပ်ယာပေါ်မှာ မြွေတွေ မြွေတွေ"

"ဟင် နန်းရှင်ရော"

"မသိဘူး မရှိဘူး၊ အိပ်ယာတစ်ခုလုံး မြွေတွေချည်းပဲ"

'**မြွေ**' ဟူသောအသံသည် သူတို့အားလုံးအား သွေးပျက်သွားစေဖို့ လုံလောက်ခဲ့ပါသည်။

"ငါတို့လည်း မမြင်ရပါလား"

ဟု တစ်ယောက်ကတော့ ပြောပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



"တို့က လှမောင်ကိုယ်ကွယ်နေတာ ဘယ်မှာ သေချာမြင်ရမလဲ"

ဟုသာ ပြန်ပြောလည်းပြော ပြေးလည်းပြေး ကြလေတော့၏။ ထိုနေရာလေးမှာ ဘယ်သူမှ မကျန်ရစ်တော့။

အန္တရာယ်မှ လက်မတင်လေးတင်လွတ်မြောက်သွားခဲ့သော နန်းရှင်တစ်ယောက်သာ ဘာကိုမှ မသိပဲ အိပ်ပျော်လျက်သား ကျန်ခဲ့ပါလေတော့သည်။

✸



တနည်းအားဖြင့် ထိုအဖြစ်သည် ပန်းနွယ်အား ကယ်တင်လိုက်သကဲ့သို့ ဖြစ်သွားခဲ့ပါလေသည်။

အိမ်မကြီး၏ ဧည့်ခန်းထဲတွင် ပန်းနွယ်မှာ ပေကပ်ပြီး ထိုင်နေခဲ့သည်ဖြစ်၏။ အခန်းထဲဝင်အိပ်ဆိုလည်း မရ။ နေရာမှာပင် မေးချင်လည်းမေးဆိုလည်း မမေးပဲ မအိပ်ငိုက်ဘူးဟုဆိုကာ အတင်းဇွတ်ထိုင်နေခဲ့၏။

အနှား ဦးဘမင်းကပ်လာလျှင် ဝေးရာရွှေ့ရွှေ့သွားသည်။ ဒါကိုမှ အင်အားသုံးလာလျှင်တော့ အော်ပစ်ရန် စိတ်ကူးထားခဲ့၏။

အကယ်၍ နန်းရှင်ဆီမှ ကိစ္စသာပေါ်မလာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



က တစ်ညလုံး မအိပ်ပဲထိုင်နေဖို့ စဉ်းစားထားခဲ့သည် ဖြစ်၏။

ထိုစဉ်မှာပင် ...

ကြောက်လန့်တကြား အော်သံတစ်ခုပေါ်လာပြီး လူအများပြေးလာသံ ကြားရလေတော့သည်။

လှမောင်တို့ ပြေးလာကြခြင်းဖြစ်၏။

ဦးဘမင်းသည် ချက်ချင်းပင် ခန္ဓာကိုယ်မတ်ကနဲ ဖြစ်သွားရလေ၏။ ဒီလို အတွေ့အကြုံမျိုးကို သူတွေ့ကြုံ နေကြဖြစ်သည်လေ။

ခုလို တပည့်တွေ အမောတကောပြေးလာကြပြီဆိုလျှင် မကောင်းသော သတင်းစကားတစ်ခုကို သူကြားရတတ်မြဲ။

ထို့ကြောင့်ပင် ခြောက်ခြားစွာဖြင့် အိမ်တံခါးဝ ဖွင့်ကာ သွားစောင့်ကြိုလိုက်လေ၏။

"ဘာဖြစ်လာကြတာလဲ ဟေ့ကောင်တွေ"

"နန်းရှင် နန်းရှင်အခန်းမှာ ..."

"နန်းရှင်အခန်းမှာ ဘာဖြစ်လို့တုန်း"



"ဟိုလေ နန်းရှင်အခန်းမှာ မြွေတွေ၊ အိပ်ရာပေါ်တစ်ခုလုံးအပြည့် ရောက်နေတယ်"

ဦးဘမင်းမှာ ...

'ဟင်' ကနဲ ဖြစ်သွားခဲ့လေ၏။ နံရတွင် ချိတ်ထားသော ဓားကောက်ကို ချက်ချင်းသွားဖြုတ်သည်။

ထို့နောက် တပည့်တွေလိုက်၍မှု မမီနိုင်အောင် နန်းရှင်အဆောင်ရှိရာဆီ ရှေ့မှ အပြေးထွက်သွားလေသည်။

ကြောက်သော်လည်း ဦးဘမင်းဦးဆောင်သွားသဖြင့် လှမောင်တို့ ပြန်လိုက်ကြရလေ၏။ ပန်းနွယ်ကတော့ နောက်ဆုံးမှ။

နန်းရှင်အခန်းရောက်သောအခါ ဦးဘမင်းက တံခါးကို တဝုန်းဝုန်းထုလေသည်။

"နန်းရှင်ရေ ဟေ့ နန်းရှင်တံခါးဖွင့်စမ်း"

"အိပ်ရာပေါ်မှာ နန်းရှင် မရှိဘူးဆရာ၊ ကျွန်တော်သိသလောက် သူ့အခန်းထဲမှာကို မရှိတာ၊ ရှိနေတာက မြွေ မြွေတွေ ..."

www.burmeseclassic.com

www.burmeseclassic.com



လှမောင်စကားမဆက်ရဲသလို ရပ်တန့်၍သွား၏။ ထိုစဉ်မှာပင် မထင်မှတ်သောကိစ္စတစ်ခု ဖြစ်ပေါ်၍လာလေသည်။ တံခါးပွင့်လာခြင်းပင်တည်း။

တံခါးဝ၌ပေါ်လာသည်က နန်းရှင်။ အိပ်ချင်မူးတူး မျက်နှာနှင့် နားမလည်နိုင်သလို ကြည့်နေ၏။

" ဘာ ဘာဖြစ်လို့လဲ ဟင်"

ဦးဘမင်းက ပြန်မဖြေ။ သူမအားကျော်ကာ အခန်းထဲ ဝင်သွားလေ၏။

ခုနက လှမောင်မီးဖွင့်ထားခဲ့သဖြင့် အခန်းမှာ မီးများထိန်ထိန်လင်း၍နေလေ၏။ ဘာပစ္စည်းပစ္စယမှ မရှိသဖြင့်လည်း အခန်းမှာ ရှင်းလင်း၍နေသည်။

သို့သော် ...

မြွေဆိုလို့ တစ်ကောင်မှ မရှိ။

ဦးဘမင်းမှာ သွေးရူးသွေးတန်းဖြစ်သွားသလို ထင်ရလေသည်။

"မြွေတွေရော ဟင်၊ မြွေ မြွေတွေ ဘယ်မှာလဲ"



ဗလုံးဗထွေးဖြင့် မေးလည်းမေး ရှာလည်းရှာ၏။ အခန်းတစ်ခုလုံးအနှံ့။ မရဲတရဲဖြင့် နောက်မှ လိုက်လာကြသော လှမောင်တို့မှာလည်း အံ့အားသင့်စွာကူရှာကြလေ၏။

မည်သို့ပင်ဖြစ်စေ ခုနက လှမောင်သေသေချာချာတွေ့လိုက်သော အိပ်ယာတစ်ခုလုံးအပြည့် မြွေတွေကတော့ ပျောက်ချင်းမလှ ပျောက်ဆုံး၍သာနေခဲ့လေပြီ။

ဦးဘမင်းကြီးမှာ မြွေတွေကို တကယ် အညှိုးကြီးပုံရလေသည်။ ရှာမတွေ့တော့ ဒေါသထွက်စွာ အိပ်ရာတွေ ခေါင်းအုံးတွေကို သူ့လက်ထဲက ဓားကောက်ကြီးနှင့် လျှောက်ခုတ်လေတော့၏။

"မြွေတွေ ဘယ်မှာလဲ၊ ငါမေးနေတယ်လေ၊
မြွေတွေ ဘယ်မှာလဲလို့၊ ထွက်လာစမ်း ထွက်
လာကြစမ်း"

ငိုသံပါကြီးနှင့် အော်လိုက်သည်မှာလည်း ကြောက်စရာပင်။ နန်းရှင်က ပန်းနွယ်ကိုတွေ့သည့်အခါ ပြေးကာ ဖက်ထား၏။ ထို့ကြောင့်လည်း သူမ သက်

www.burmeseclassic.com

www.burmeseclassic.com



သာသွားရခြင်းပေတည်း။ မြွေတွေရှာမတွေ့တော့ ဦးဘမင်းက နန်းရှင်ဆီလှည့်လာ၏။

သူကတော့ မေးလို၍လာသည်ပါ။

“ဟဲ့ မြွေတွေဘယ်မှာလဲ ပြောစမ်း”

ဟုမေးရင်း နန်းရှင်ဆီ လျှောက်လာလေ၏။

သို့သော် စိတ်လှုပ်ရှားမှုနှင့် အကြောက်တရားပေါင်းစပ်ကာ မဲ့ရွဲ့ အဆီပြန်နေသော သူမျက်နှာကြီးက မြင်ရုံနှင့် ကြောက်မက်ဖွယ်ကောင်းနေလေ၏။

လက်ထဲမှာကလည်း ဓားကောက်ကြီးကိုင်ထားလေတော့ပိုဆိုးသည်ပေါ့။

အားလုံးကပင် နန်းရှင်အား သူရန်ပြုတော့မည်ဟု ထင်သွားခဲ့၏။ ဦးဘမင်းကို ဝိုင်းဆွဲကြသည်။

နန်းရှင်ကလည်းငိုကာ ပန်းနွယ်နောက်မှာ ပုန်းနေလေတော့၏။

“လုပ်ကြပါဦး ကျွန်မကို သတ်တော့မယ်”

ဦးဘမင်းကတော့ …

“မြွေတွေ ဘယ်မှာလဲပြောစမ်း”



ဟု ဒေါသတကြီးမေးနေဆဲ။

တပည့်တွေက အတင်းချုပ်ကာ ခေါ်သွားရလေတော့၏။

✸

အားလုံးထွက်သွားကြပြီးမှ ပန်းနွယ်က နန်းရှင်အားမေးသည်။

“ဘာဖြစ်တာလဲ”

ဆိုသော် နန်းရှင်က … မသိပါ တဲ့။

“ကိုလှမောင်ဆိုတဲ့သူက အော်ပြီးပြေးလာတာ၊ နင့်အိပ်ရာထဲမှာ မြွေတွေတွေ့တယ်ဆိုလား”

“ကျွန်မ,မသိဘူး၊ ကျွန်မခုနက အိပ်ပျော်နေတာလေ၊ ဒါပေမယ့် မဖြစ်နိုင်ဘူးနဲ့တူတယ် ဒီနေရာမှာ မြွေတစ်ကောင်မှ မရှိတာ မလေးမြင်သားပဲ”

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် ဒါပေမယ့် သူဘာလို့ ဒီလို ပြောလဲ၊ ပြီးတော့ ... သူကရော နှင့်အိပ်ရာကို ဘယ်လို လှမ်းမြင်လိုက်လည်း မသိဘူးနော်"

နန်းရှင်က ပြတင်းပေါက်ပွင့်နေသည်ကို လှမ်းမြင်လိုက်သည်။ တောသူအရိုးခံများမို့လည်း လှမောင်တို့ ကြံစည်သည်ကို မရိပ်မိ။

"ကြည့်ရတာ ပြတင်းပေါက်က လေတိုက်ပြီး ပွင့်သွားတုန်း သူဒီနားရောက်လို့ တွေ့တာထင်တယ်"

ဟုသာ မှတ်ချက်ချလေ၏။

"အေး ဒါပေမယ့် နှင်အိပ်နေတာကို မတွေ့ဘဲ မြွေတွေအများကြီးအိပ်ယာပေါ်မှာ မြင်သွားတာကတော့ အံ့သြစရာပဲ"

"သူ အမြင်မှားတာ နေမှာပေါ့မလေးရယ်"

"အေးလေ ဟုတ်မှာပါ သူ့အမြင်မှားတာနေမှာ"

ပန်းနွယ်အဖို့တော့ ဘယ်လိုမှ မတွေးတတ်



တော့သည်ဖြစ်၏။ နန်းရှင်အဖို့လည်း ခုနက အိပ်ပျော်နေသည်ဖြစ်၍ ဘာကိုမှ မသိလိုက်။

ထိုညမှာ ... သူမတို့အဖို့ ပဟေဠိများစွာဖြင့် မိုးလင်းခဲ့ရသော ညပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



[၁၁]

နောက်တစ်နေ့မှာတော့ ပန်းနွယ်အဖွားအပါ အဝင် ဆွေမျိုးတစ်သိုက် ရောက်လာကြလေ၏။ သို့သော် ပန်းနွယ်မှာ ဦးဘမင်းကို လက်မထပ်လိုကြောင်းပြောခွင့် မသာခဲ့ရှာပါ။

တကယ်တော့ ဦးဘမင်းက အရာရာအကွက်ချ စီစဉ်ထားနှင့်ပြီး ဖြစ်နေခဲ့ပါလေသည်။

"ဟင် သမီးတို့ မင်္ဂလာဆောင်အတွက် လှမ်းခေါ်လိုက်တာ ဟုတ်လား"

"အေးလေ မောင်ဘမင်းတို့များ တကယ့်ကို အလောသုံးဆယ်ကွယ်၊ သူကိုးကွယ်တဲ့ ရသေ့



ကြီးက မိန့်လိုဆိုလား၊ ချက်ချင်းပဲလက်ထပ်ရ တော့မတဲ့ အဲဒါ အားချင်းကြီးလိုက်ခဲ့ပါဆိုလို့ လေ၊ ရွာကလူတွေတောင် ခဏနေရောက်လာ ကြလိမ့်မယ်၊ တစ်ရွာလုံးကို မီးခိုးတိတ်ပဲပေ့၊ မောင်ဘမင်းက တစ်ရွာလုံးဖိတ်တာ၊ နေပါဦး ညည်းက မသိလို့မေးနေတာလား"

"သူ သူက မင်္ဂလာဆောင် ဘယ်နေ့လို့ပြော တာလဲ"

"ဒီနေ့ပဲလေ၊ ညဘက်မှာ ညည့်ခံပွဲလုပ်မှာတဲ့"

✸

www.burmeseclassic.com

www.burmeseclassic.com



ယခုမှပင် ဦးဘမင်း၏ ကြောက်စရာကောင်းလှသော အရည်အချင်းတစ်ရပ်အား ပန်းနွယ်အသိအမှတ်ပြုလိုက်ရပါလေသည်။

အချိန်ခဏလေးအတွင်းမှာ စီစဉ်လိုက်ခြင်းဖြစ်သော်လည်း တကယ်ပီပြင်သော မင်္ဂလာဆောင်တစ်ခုအသွင်ပြည့်မြောက်အောင်ကောင်းစွာဖန်တီးနိုင်ခဲ့လေ၏။

ငွေရှိသူဆိုတော့လည်း ကြံတိုင်းအောင်လေသည်ပေါ့။ မင်္ဂလာပွဲသို့ လူအတော်များများလာကြလေ၏။ ပန်းနွယ်တို့ရွာကတော့ တစ်ရွာလုံးနီးပါးပဲ။

ကားကြီးအကြီးကြီးသုံးစီးဖြင့် ဦးဘမင်းက



စရိတ်ခံကာ ခေါ်ခိုင်းခဲ့ခြင်းဖြစ်သည်။

ဒီလူတွေရှေ့မှာကျမှ မင်္ဂလာပွဲပျက်အောင်ပန်းနွယ်က ဘယ်လို ငြင်းနိုင်ပါမည်လဲ။

သို့သော် သူမမှာ မပီမသ မျှော်လင့်ချက်လေးတစ်ခုတော့ ရှိနေပါသေးသည်။ ကိုအောင်ထွန်းအားတိတ်တခိုး စောင့်မျှော်နေမိခြင်းပင်။

ကိုအောင်ထွန်းသာ ရောက်လာရင်တော့ သူမစွန့်စားနိုင်ပေလိမ့်မည်။ တကယ်တော့ အချစ်ဆိုသည်မှာခွန်အားကိုဖြစ်စေသည့်အရာ မဟုတ်လား။

✵

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလေလေ ပန်းနွယ်ရင်ထဲက မျှော်လင့်ချက်များ ပါးလျလာလေပင်။

ဧည့်သည်တွေက တစ်သုတ်ပြီး တစ်သုတ်ဝင်လာနေကြလေ၏။ သေချာသည်ကတော့ ထိုအထဲမှာကို အောင်ထွန်းတစ်ယောက်အား အရိပ်အယောင်မျှ မတွေ့ရခြင်းပင်တည်း။

ဦးဘမင်းကပင် ရိပ်မိသည်လားမသိ။

"ဘာတွေရှာနေတာတုန်း ပန်းနွယ်လေးရဲ့"

ဟု ခပ်ပြုံးပြုံးလာမေးလေသည်။

"ဟို ဘာမှ မဟုတ်ပါဘူး၊ လူတွေများလွန်းလို့



လိုက်ကြည့်နေတာပါ"

"အစ်ကိုကြီး မျက်နှာနဲ့ လာကြတာတွေလေ၊ ဒါတောင် ချက်ချင်းကြီး ကသီလင်တာ ဖိတ်လိုက်ရလို့ နို့မို့ဆို ဒီခြံကြီးတစ်ခုလုံးတောင်ဆန့်မှာ မဟုတ်ဘူး"

လူတွေရှေ့မှာမို့ အလိုက်အထိုက်ပြန်ပြောနေရသည်ကိုပင် ပဏာယူနေချေသေး၏။ ပန်းနွယ်၏နှုတ်ခမ်းလေးများအားပွတ်သပ်ကာ …

"စီစဉ်စရာလေးရှိလို့ သွားဦးမယ်နော်"

ဟု ထွက်သွားချေ၏။ ပန်းနွယ်မှာ စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။ ဒီလို လူကြမ်းရုပ်ကြီးနှင့် သူမ လက်ထပ်ရပါမည်လော။

လူတွေကတော့ ပျော်လို့ရွှင်လို့။ ကိုအောင်ထွန်း ရောဘယ်လိုနေရှာမလဲ။ ပန်းနွယ်မှာ တွေးရင်း စိတ်ရှုပေါက်ကာ မင်္ဂလာပွဲမှ ထပြေးလိုက်ချင်စိတ်ပင် ဖြစ်မိပါသည်။

လူတွေ လူတွေ။ ရယ်လို့ မောလို့။ မင်္ဂလာပွဲ

www.burmeseclassic.com



တစ်ခုလုံး ပြောဆိုရယ်မောသံများက သောသောညံ လျှက်ရှိ၏။ ယိမ်းထိုးလှုပ်ရှားလျှက်၊ ရှေ့တိုးနောက်ငင် လှုပ်ယိမ်းနေသော ခန္ဓာကိုယ်များမှာ မြွေတွေ ညီညီ ညာညာ ညို့နေကြသည့်အလား။

ပန်းနွယ်သည် မြင်ကွင်းအားမကြည့်လိုတော့၍ မျက်စိကို မှိတ်လိုက်မိ၏။ အာရုံထဲမှာ မှောင်ကျသွားခဲ့ သည်။

ထိုစဉ်မှာပင် ...

အာမေဋ္ဌိတ်သံများကြားလိုက်ရသောကြောင့် မှိတ်ထားသော မျက်လုံးများအား ပြန်ဖွင့်လိုက်ရပါလေ သည်။

ဟင်! မဟုတ်သေးပါဘူး ... ငါမျက်လုံးပြန် ဖွင့်လိုက်ပေမယ့် မှောင်နေတုန်းပါလား၊ ငါ အမြင်မှားများသလား

ပန်းနွယ် သေသေချာချာစူးစမ်းကြည့်မိ၏။ တကယ်ပင် လောကတစ်ခွင်လုံး မှောင်နေခြင်းဖြစ် သည်။ မျက်စိဖွင့်ထားလျှက် ... မျက်စိမှိတ်နေသလို



အမှောင်ကိုသာ မြင်နေရလေတော့သည်။

"မီးတွေပျက်သွားတာပဲ"

"ဘယ်လိုလုပ်ပြီး မီးက ခုအချိန်မှ ပျက်သွားရ တာလဲ"

ကြွက်စီ ကြွက်စီအသံများ ပေါ်ထွက်လာကြ လေ၏။

ဦးဘမင်းက ချက်ချင်းပင် စီစဉ်လေတော့ သည်။

"ဟော့ကောင်တွေ အိမ်ပေါ်မှာ ရေနံဆီမီးအိမ် တွေ သွားယူကြစမ်း ဖယောင်းတိုင်ကြီးတွေ လည်း စတိုခန်းမှာရှိတယ် အကုန်ယူခဲ့"

တစ်ချို့ကိုတော့ ဓာတ်အားပေးရုံသို့ မီးပြန်ပေး ပါရန် မေတ္တာရပ်ခံခိုင်းဖို့ လွှတ်လိုက်လေ၏။ တစ်ဆက် တည်း ဧည့်ပရိသတ်များသို့ လှမ်းပြောလေသည်။

"မီးပျက်သွားပေမယ့် စိတ်မပူကြပါနဲ့ခင်ဗျာ၊ ကျွန်တော်သွားပြောခိုင်းတာမို့ မကြာခင် ပြန် လာတော့မှာပါ၊ ခုတော့ လမိုက်ည အလင်းရ

www.burmeseclassic.com



လည်း မရှိခိုက်မှာ ရေနံဆီမီးအိမ်လေးတွေနဲ့ပဲ နေလိုက်ကြပါဦးနော်၊ ပျော်ပျော်ပါးပါး ...''

သို့သော် သူ့စကားမှာ ကောင်းကောင်းအဆုံး မသတ်လိုက်ရပါ။ ခြံဝင်းအပြင်တစ်နေရာမှ အားကနဲ အော်ဟစ်လိုက်သံကြီးတစ်ခု ထွက်ပေါ်လာ၍ ဖြစ်ပါလေသည်။

''ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

လူတွေ၏ ဦးခေါင်းများ ကိုယ်စီ ထောင်သွားကြလေ၏။

ခြံအပြင်ဘက်မှ လူတစ်ချို့ပြေးလာကြသည်။ အနားရောက်မှ ဓာတ်အားပေးရုံကိုသွားဖို့ ခုန ဦးဘမင်း လွှတ်လိုက်သော တပည့်များဖြစ်နေကြောင်းတွေ့ရလေ၏။

''ဘာဖြစ်တာတုန်း ဟေ့ကောင်တွေ''

''မြွေကိုက်လို့ ဆရာ၊ လှမောင်ကို မြွေကိုက်လိုက်ပြီ၊ အပြင်မှာ မြွေတွေရှိနေတယ်''

ကြွက်စီကြွက်စီအသံများ ပို၍ ဆူညံလာကြ



လေ၏။

''မြွေကိုက်လို့ဆိုပါလား၊ အရေးထဲ မြွေတွေက ဘယ်က ရောက်လာရတာတုန်း''

ဦးဘမင်းက သူ့တပည့်များအား ဒေါသနှင့် ကြုံးအော်သည်။

''မင်းတို့ ဒီလောက်သတ္တိနည်းရလားကွာဟေ၊ တစ်ယောက်ကို မြွေကိုက်တာနဲ့ပဲ အကုန်ပြန်ပြေးလာရသလား၊ ရော့ဟော့ဒီမှာ ဓားယူသွား ကိုက်တဲ့မြွေ ခုတ်သတ်ခဲ့၊ ဟိုကောင်လှမောင် ရော ဘယ်မှာလဲ''

''သေပြီဆရာ မြွေကသိပ်အဆိပ်ပြင်းတယ်၊ ပွဲချင်းပြီးပဲ''

အားလုံးငြိမ်ကျသွားကြလေ၏။ လူတစ်ယောက်၏ ရှင်ချင်းသေခြင်းမှာ မြန်ဆန်လွန်းလှပါကလား။

ဦးဘမင်းက အတင်းတိုက်တွန်းသဖြင့် သူ့တပည့်များမှာ ကြောက်ကြောက်ရွံ့ရွံ့ ပြန်သွားရလေ၏။

ရေနံဆီမီးအိမ်များ၏ မှိန်ဝါးဝါးအလင်းရောင်က

www.burmeseclassic.com



တွင် သူတို့လှုပ်ရှားမှုများကို ဝိဉာဉ်ပုံရိပ်များလို မပီဝိုး တဝါး မြင်တွေ့နေကြရလေ၏။

တိတ်ဆိတ်စွာ မရှုံ့မရဲဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းသွားကြသည်မှာ မရဏတရားဆီ ဦးတည် လျှောက်လှမ်းနေသည့်အလား။

ဘယ်အချိန် ဘယ်အခါပေါ်လာမည်မသိသော ကြမ္မာဆိုးက သူတို့အားပုန်းခိုစောင့်ဆိုင်းနေသလိုလို။

ထိုစဉ် တိုက်တိုက်ဆိုင်ဆိုင် လေက တဝေါ ဝေါတိုက်ခတ်လာလေ၏။

ထူးဆန်းသောလေ။

တိုက်ခတ်သံကိုက တရှီရှီမြည်၍နေ၏။ မြွေ တွေ အော်မြည်နေကြသလိုလို။ လူတွေအရမ်းထိတ်လန့် ကုန်ကြလေ၏။

ဆိတ်ငြိမ်ခြင်းက သူတို့အားလုံးဆီတွင်ကြီးစိုး၍ သွား၏။ လေက လူတွေ၏ ခြေထောက်များကြားမှ တိုးဝှေ့ဝင်ရောက်၍လာသည်။ ကြက်သီးတွေ ဖြန်းကနဲ ဖြန်းကနဲ ထသွားကြ၏။



ညှော်ခံပွဲထဲသို့ မြွေတွေပဲ ဝင်လာနေကြသလို လို။ သိပ်မကြာလိုက်ခင်မှာပင် ...

အပြင်ထွက်သွားသူများထံမှ နောက်ထပ်အော် သံကြီးတစ်ခု ထွက်ပေါ်လာပြန်လေတော့၏။

လူတွေအကုန် ကြောက်ရွံ့စိတ်ဖြင့် တောင့် တောင့်မတ်မတ် ဖြစ်ကုန်ကြလေတော့သည်။

ဒီတစ်ခါတော့ အော်သံက တစ်သံတည်း မဟုတ်။

တစ်ကြိမ်။

ပြီးတော့ နောက်တစ်ကြိမ်။

တစ်ခေါက်ပြီးတစ်ခေါက် ဆင့်ကာဆင့်ကာ။

သုံးခေါက်မျှ အော်သံများကြားချိန်မှာတော့ ဦးဘမင်းတစ်ယောက် ဘယ်လိုမှ ထိန်းသိမ်းနိုင်စွမ်း မရှိ တော့ပါချေ။

ဓားတစ်ချောင်းအသင့်ဆွဲကာ လိုက်ရန်ပြင်လေ တော့၏။ ထိုစဉ် လူတစ်ယောက်က အော်ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာဟော့ နံရပေါ်ကို ကြည့်ကြစမ်း"

နံရံပေါ်တွင် ...

အရိပ်ကြီးတစ်ခုပေါ်နေလေ၏။ အရိပ်မှာ မြွေတစ်ကောင်၏ ပါးပြင်းထောင်နေသလို အရိပ်။ နံရံတစ်ခုလုံးပြည့်စာမျှ ပေါ်နေတာဆိုတော့ ဧရာမ မြွေကြီးတစ်ကောင်၏ အရိပ်ပင်တည်း။

ရေနံဆီမီးခွက်နှင့် ဖယောင်းတိုင်များ၏ အလင်းရောင်တွင် သစ်ပင်ခြုံပုတ်တစ်ခုခု၏ သဏ္ဍာန်ကြောင့် ထိုအရိပ်ဖြစ်ပေါ်လာရခြင်း ဖြစ်နိုင်ပါသည်။ သို့သော် ဒီလိုနေရာ ဒီအချိန်တည့်တည့်မှာ ထိုအရိပ်ကြီးလာပေါ်ရသည်ကတော့ ဆန်းကြယ်လွန်းလှချေ၏။

မြွေရိပ်ကြီးမှာ ...

တကယ်ပင် အသက်ဝင်လွန်းလှပါချေသည်။

တလှုပ်လှုပ်လှုပ်ရှားယိမ်းယိုင်လာသည်က တစ်စုံတစ်ခုအား ပေါက်ထည့်လိုက်တော့မလိုဖြစ်ပါလေတော့သည်။

လူတွေအားလုံးဝေါကနဲ ဖြစ်သွားကြသည်ဟု



ထင်သည်။

ခြောက်ခြားစိတ်ကို ဘယ်လိုမှ ဆက်မထိန်းထားနိုင်ကြလေတော့။ အလန့်တကြားဖြင့် ခြေဦးတည့်ရာ ထပြေးကြလေတော့သည်။

"ပြေးကြဟေ့ ပြေးကြ၊ ဒီအိမ်ကြီးမှာမကောင်းဆိုးရွားတွေရှိတယ်။ မြန်မြန်သာပြေးကြ"

တစ်ချို့က သွေးရူးသွေးတမ်းအော်ကြသေး၏။

ထိုအချိန်တွင် ဦးဘမင်းမှာလည်း လုံးဝဆင်ခြင်တုံ တရားမဲ့ကာ ကြောက်စရာကောင်းလောက်အောင် အရူးတစ်ပိုင်း ဖြစ်သွားခဲ့ပါတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အခြေအနေကို ဘယ်သူမှ မထိန်းသိမ်းနိုင်ခဲ့ကြပါ။

ညည့်ခံပွဲကြီးတစ်ခုလုံး ဝရုန်းသုံးကားဖြင့် လူတွေက ကစဉ့်ကလျားထပြေးကြသည်။

ဦးဘမင်းမှာလည်း မြွေတွေကို သတ်မယ်ဆိုပြီး မြေပေါ်ရှိ လှုပ်လှုပ်ရှားရှား အရာမှန်သမျှ ဓားနှင့် လှော်ကခုတ်တော့သည်။

သစ်ပင်ခြုံနွယ်တွေပဲလား။ ကြွက်စသည့် အကောင်ဗလောင်တွေပဲလား။ တကယ့်မြွေတွေပဲလား ခွဲခြားမသိနိုင်တော့။



လက်ပြုတ်ထွက်လုခမန်း လှော်ခုတ်လို့အား ရတော့ ခတ်ဆီတွေလှော်ကလောင်းကာ မီးတင်လှို့ပစ်မည်လုပ်သည်။ ဒါမှ မြွေတွေသေမှာတဲ့။

ခြံကြီးတစ်ခုလုံး မီးစွဲပြာကျသွားနိုင်သည်မို့ အားလုံးဝိုင်းတားကြရလေသည်။

လူတွေကလိုက်ဆွဲ၊ ဦးဘမင်းက အတင်းရုန်း။

နန်းရှင်အား တွေ့လိုက်သည့်အခါမှာလည်း ဓားဖြင့် လိုက်ပြန်လေသေး၏။ ဒီတစ်ခါတော့ ဦးဘမင်းမှာ စိတ်ရူးပေါက်နေလေပြီ။ မိရင် တကယ်သတ်လိမ့်မှာဖြစ်၏။

အန္တရာယ်မကင်းသည်မို့ နန်းရှင်အား ဖွက်ထားကြရတော့သည်။ ဦးဘမင်းမှာတော့ သောင်းကျန်းနေလိုက်သည်မှာ တစ်ညလုံးပင်။ သူ့ကိုထိန်းနေရသဖြင့် ဘယ်သူမှ မအိပ်ကြရ။

နံနက်လင်းသော် ကိုအောင်ထွန်းရောက်လာလေ၏။ ဦးဘမင်း၏ တစ်ဦးတည်းသော ဆွေမျိုးအရင်းမို့ မရရအောင် သွားရှာလာကြရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ထွန်းကတော့ ဓေတ်ပညာတတ်ပီပီ အကောင်းဆုံးအကြံပေးသည်။

"ဦးလေးကို စိတ်ရောဂါကုဆေးရုံသွားပြကြည့် ရင်ကောင်းမယ်၊ နို့မို့ဆို သူကို ဘယ်လောက် ထိန်းထားနိုင်မလဲ၊ သူကသိစိတ်မရှိတော့ လွှန် လွှန်ကျွံကျွံတွေ လျှောက်လုပ်ကုန်ရင် အားလုံး ခက်ကုန်မယ်"

ထိုအကြံအား အားလုံးသဘောတူကြပါလေ သည်။

ထို့ကြောင့် ဦးဘမင်းအားချော့ခေါ်ကာ ကား ပေါ်တင်ရန် စီစဉ်ကြ၏။ ထိုအချိန်ကျမှ သိလိုက်ရသည် က ဦးဘမင်းပျောက်ဆုံးနေခြင်းပင်တည်း။

"ဘယ်ရောက်သွားလဲ ရှာကြပါဦး"

"ခုနတင် တွေ့ပါသေးတယ်"

သူတို့စကားများမဆုံးခင်မှာပင် ကားလိုမ့်ထွက် သံ တစ်ခုကို ကြားလိုက်ကြလေ၏။ လှမ်းကြည့်ကြ သောအခါ ကားပေါ်မှာ ဦးဘမင်း။



ဘယ်အချိန်ကရောက်သွားသည် မသိ။

လူတွေသိလိုက်သောအချိန်မှာ သူက ကား မောင်းထွက်နေလေပြီ။

"ဦးဘမင်း ဘယ်သွားမလို့လဲ"

"ဦးလေး နေပါဦး မသွားပါနဲ့"

"ဆရာ ကားပေါ်ကဆင်းပါဆရာ"

အော်ဟစ်သံများ ဆူညံ၍သွားသည်။ ဦးဘမင်း မှာတော့ လုံးဝလှည့်မကြည့်။ ထူးထူးဆန်းဆန်းကြောက် လန့်နေသလို ကျီးကြည့်ကြောင်ကြည့် ဖြစ်နေလေ သည်။

"မြွေတွေ ငါ့နောက်က လိုက်လာပြီ၊ ငါပြေး မယ် ငါပြေးမယ် နောက်မှ ဒင်းတို့ကိုပြန်သတ် မယ်၊ အမြန်ဆုံးငါပြေးမယ်"

စသဖြင့် တဖွဖွရွတ်ဆိုနေလေ၏။ လူတွေမှာ တော့ နားမလည်နိုင်ကြ။ ဦးဘမင်း၏ ကယောင် ချောက်ခြားဖြစ်နေမှုများဟုသာ သဘောပေါက်မိကြလေ ၏။

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ကြပါဦး၊ သူက … သိစိတ်ရှိတော့တာ မဟုတ်ဘူး"

ကိုအောင်ထွန်းနှင့် ယောက်ျားနှစ်ယောက်က နောက်ထပ် ကားတစ်စီးပေါ် ပြေးတက်ကာ လိုက်ကြလေသည်။ ဟွန်းလဲ တစ်တီတီတီးကာ ဦးဘမင်းကားကို ရပ်ခိုင်းကြ၏။

ဦးဘမင်းကတော့ ဘာကိုမှ အရေးမစိုက်။

စမောင်းလိုက်ကတည်းက အရှိန်မလျှော့လိုက်သည်မှာ ကိုအောင်ထွန်းတို့ အတော်ဝေးဝေးပြတ်ကျန်ခဲ့အောင်ပင်ဖြစ်ပါလေသည်။

BURMESE CLASSIC .com

✸

ကိုအောင်ထွန်းအတွက်ကတော့ အိပ်မက်ဆိုးမက်နေရသလိုပင် ရှိပါချေတော့သည်။

သူငယ်စဉ်ကတည်းက အားကိုးခဲ့ရာဖြစ်သော ဦးလေး၏ ယခုကဲ့သို့ ဆင်ခြင်တုံတရားလုံးဝကင်းမဲ့နေသောအဖြစ်အားလုံးဝမတွေ့ခဲ့စဖူး။



ဖြစ်ချင်တော့ ဦးဘမင်းတက်မောင်းသွားသည့် ကားကပိုစက်ကောင်းသောကား ဖြစ်နေပြန်၏။

သိစိတ်လည်းပျောက်ကာ ဘာကိုမှုအမှုမထားပဲလည်း မောင်းနေသူကို ဘယ်လိုလုပ်မီနိုင်ပါမည်နည်း။

အရှည်လျားဆုံးနှင့် အပင်ပန်းဆုံးသော ခရီးပါပေ။ ဘယ်လိုမှ လိုက်မမှီနိုင်တော့ဟု ထင်ရသည်။ မှီမယ့်မှီတော့ ပြန်မတွေးချင်လောက်အောင် ဆိုးရွားလွန်းသော အခြေအနေမှာမှ ဖြစ်ခဲ့ပါလေ၏။

ထိုစဉ်က မြင်ကွင်းများအား အနေးပြကွက်လို ကိုအောင်ထွန်းခရေစေ့တွင်းကျ မှတ်မိနေပါသည်။

လမ်းတစ်ခုအား ချိုးအကွေ့။ ပြင်းလှစွာသော အရှိန်အား ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ဦးဘမင်းမောင်းလာသော ကားကလေး ချောက်ထဲ ချော်ကျသွားလိုက်သည်မှာ ဖက်ရွက်ကလေးပမာပင်။

နောက်ကားထဲရှိလူများအားလုံး ဟာကနဲ ဖြစ်သွားကြလေ၏။ ကိုအောင်ထွန်းမျက်လုံးတွေ ပြာဝေ၍ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ သွားပြီ"

ကြေကွဲစွာ အော်ဟစ်မြည်တမ်း၏။

သူတို့ ထိုနေရာနားရောက်သွားစဉ်မှာတော့ ဦးဘမင်း၏ကားကလေးမှာ မီးခိုးတွေတလူလူထွက်ကာ ငြိမ်သက်လျက် ရှိနေခဲ့လေပြီ။

ကိုအောင်မင်းတို့တွေ ချောက်ထဲလိုက်ဆင်း ကြည့်ကြပါသေးသည်။

သို့သော် ဦးဘမင်းအလောင်းကို ချက်ချင်းယူ လို့တော့မရခဲ့ပါ။

တိုက်တိုက်ဆိုင်ဆိုင် သူကျသွားသော နေရာမှာ မြွေပွေ အလွန်ထူသောနေရာဖြစ်ပုံရကာ ဦးဘမင်း ကိုယ်ခန္ဓာတစ်ခုလုံး မြွေများ တွယ်လိမ်ရစ်တက်လျက် ရှိနေခြင်းကြောင့်ပင်တည်း။

ကိုအောင်ထွန်းကတော့ သံသယတစ်ခုနှင့် ဝေခွဲမရဖြစ်နေမိခဲ့ပါသည်။ ဦးဘမင်းသေဆုံးသွားသည် မှာ ကားချောက်ထဲ ပြုတ်ကျစဉ်ကတည်းကလော သို့ မဟုတ် မြွေအုပ်ထဲအရောက် မြွေတွေဝိုင်းကိုက်ကြ၍



လောဟု တွေးတောနေမိခြင်းပင်။

သူကတော့ ကားမှောက်စဉ်ကတည်းက သေ ဆုံးသွားပါစေဟု မျှော်လင့်မိပါသည်။ သို့မှသာ ... ဦးဘမင်း အလွန်မုန်းသောမြွေများကြောင့် မခံစားလိုက် ရပဲရှိမည် ဖြစ်သည်လေ။

မည်သို့ပင်ဖြစ်စေ နောင်တမလွန်ဘဝအဆက် ဆက်မှာတော့ ... မြွေတွေနှင့် ဦးဘမင်းတို့ အပြန် အလှန်ရစ်ဖွဲ့ခဲ့ကြသော အငြိုးများ ကြေပါစေဟုသာ ကိုအောင်ထွန်းတစ်ယောက် ဆုတောင်းနေမိပါလေတော့ သည်။

✸

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ တစ်လမျှအကြာမှာတော့ ဦးဘမင်း၏ ခြံတွင်းပင်ခမ်းနားကြီးကျယ်သော မင်္ဂလာပွဲတစ်ခုကို ဆင်ယင်ကျင်းပဖြစ်ခဲ့ကြပါလေ၏။

ထိုမင်္ဂလာပွဲ၏ သတို့သားနှင့် သတို့သမီးများကတော့ ကိုအောင်ထွန်းနှင့် မပန်းနွယ်တို့ပင်တည်း။

ဒီတစ်ခါ မင်္ဂလာပွဲကိုတော့ နေ့ဘက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကာ ဘာအနှောင့်အယှက်မှုမကြုံရပဲလဲ အေးချမ်းစွာပြီးဆုံးခဲ့ပါလေ၏။

သို့သော် သတို့သားရော သတို့သမီးပါ မျှော်နေသူ တစ်ယောက်ကတော့ဖြင့် ထိုမင်္ဂလာပွဲတွင်မတွေ့ကြရပါ။ သူတို့နှစ်ယောက်တည်း တီးတိုးဖြင့်...

"နန်းရှင် ဘယ်သွားနေပါလိမ့်နော်"



ဟု အချင်းချင်းပြောဆိုမိကြလေ၏။ ကိုအောင်ထွန်းက ...

"ဘာပဲဖြစ်ဖြစ် နန်းရှင်ဟာ တို့ မြားနတ်မောင်လို့တောင်ပြောရမယ်၊ တို့တွေ ခုလိုပေါင်းဖက်နိုင်ခဲ့တာ သူ့ကြောင့်လဲ အများကြီးပါတယ်"

ဟုပင် မှတ်ချက်ချခဲ့လေ၏။

မင်္ဂလာပွဲပြီးသည်အထိ နန်းရှင်ရောက်မလာခဲ့ပါ။ လက်ဖွဲ့ကိုတော့ တစ်ဆင့်ပို့လိုက်ပုံရလေသည်။

လက်ဖွဲ့ထုတ်များ ဖောက်ကြသည့်အခါ နန်းရှင်၏ လက်ဖွဲ့ကို တွေ့၏။

စိတ်လှုပ်ရှားစွာ ဖွင့်ဖောက်ကြည့်မိကြသည်။

လက်ဖွဲ့ထုပ်မှ ပေါ်ထွက်လာသည်က သစ်ကနက်သားဖြင့် ထွင်းထုထားသော မြွေရုပ်ကလေး။ ပါးပြင်းထောင်နေဟန် အလွန်လက်ရာမြောက်စွာ ထုလုပ်ထားသော ပန်းပုရုပ်ကလေး ဖြစ်ပါလေတော့သည်။

www.burmeseclassic.com